# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၃၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

## နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း(ဇဟိဋ္ဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

**ယနေ့ ဖတ်စရာ**


တိုင်ဖွန်းမုန်တိုင်းဒဏ်သင့် ဗီယက်နမ်နိုင်ငံ ပြန်လည်ထူထောင်ရေး အေဒီဘီက ဒေါ်လာနှစ်သန်းပံ့ပိုးမည် နိုင်ငံတကာသတင်း စာ ၁၃

စာရင်းကောက်များ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ကြပါ ...... ဆောင်းပါး စာ ၁၈



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၂ ရက်သာ လိုတော့သည်။

## ကာကွယ်ဆေးထိုးနှံ့ ခွေးရူးပြန်လျှော့ချ

ခွေးရူးပြန်ရောဂါ(Rabies)သည် ခွေးရူးပြန်ရောဂါဖြစ်စေသော ရပ်ဘဒိုဗီရီဒေး(Rhabdoviridae) ခေါ် ကျည်ဆန်ထိပ်ဖူးပုံ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ခွေးရူးပြန်ရောဂါသည် ကူးစက်ဖြစ်ပွားပါက ရာနှုန်းပြည့်သေဆုံးနိုင်သော ရောဂါဆိုးဖြစ်သော်လည်း ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရာခိုင်နှုန်းပြည့် ကြိုတင်ကာကွယ်နိုင်သည့် ရောဂါလည်းဖြစ်သည်။ ခွေးရူးပြန်ရောဂါကူးစက်ဖြစ်ပွားရခြင်း၏ ၉၉ ရာခိုင်နှုန်းမှာ ခွေးကိုက်ခံရခြင်းကြောင့်ဖြစ်ရာ ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါကာကွယ်ဆေး စောစီးစွာထိုးနှံထားရန်လိုကြောင်း ကျန်းမာရေးပညာရှင်များက အကြံပြုလမ်းညွှန်ထားသည်။

ခွေးရူးပြန်ရောဂါသည် အာရှနှင့်အာဖရိက နိုင်ငံများတွင် အဖြစ်များပြီး ဆင်းရဲနွမ်းပါးသည့် ကျေးလက်ဒေသများတွင် ပိုမိုထိခိုက်ခံစားကြရကြောင်း၊ ကမ္ဘာပေါ်တွင် ခွေးရူးပြန်ရောဂါကြောင့် ၁၅ မိနစ်တိုင်းတွင် လူတစ်ဦးအသက်ဆုံးရှုံးလျက်ရှိရာ နှစ်စဉ် လူ ၅၅၀၀၀မှ ၇၀၀၀၀ ခန့်အထိ သေဆုံးနေကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံတွင်လည်း ခွေးရူးပြန်ရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ခုသဖွယ် ဖြစ်ပေါ်နေရာ ခွေးများတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ရန်အတွက် အမျိုးသားစီမံကိန်း(၂၀၁၈-၂၀၃၀) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ခွေးရူးကိုက်ခံရမှု နှစ်သိန်းနီးပါးခန့်ရှိပြီး သေဆုံးသူ ၇၀ မှ ၈၀ ခန့်ရှိနေရာ အိမ်မွေးတိရစ္ဆာန်ခွေး၊ ကြောင် စသည်တို့ကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးထားခြင်းဖြင့် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

ခွေးရူးပြန်ရောဂါဖြစ်ပွားနေသည့် တိရစ္ဆာန်၏ တံတွေးထဲတွင် ခွေးရူးပြန်ရောဂါပိုး အများအပြားပါဝင်နေပြီး ၎င်းက လူ သို့မဟုတ် အခြားတိရစ္ဆာန်ကို ကိုက်သောအခါ ဒဏ်ရာထဲသို့ တံတွေးမှ ရောဂါပိုးများ ဝင်ရောက်သွားပြီး ရောဂါကူးစက်ခံရခြင်းဖြစ်သည်။ ရောဂါပိုးသည် အာရုံခံနာဗ်ဆဲလ်များမှတစ်ဆင့် တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် ဦးနှောက်ဆီသို့ ပျံ့နှံ့သွားခြင်းဖြစ်ရာ ဦးနှောက်တွင်းသို့ ပိုးရောက်ရှိချိန်တွင် မည်သို့မျှ ကုသ၍မရနိုင်တော့ဘဲ အသက်ဆုံးရှုံးရခြင်းဖြစ်သည်။ ခွေးရူးပြန်ဖြစ်ပွားနေသည့် တိရစ္ဆာန်များသည် ဒေါသအလွန်ကြီးပြီး ကိုက်တတ်ခြင်း၊ တုတ်ချောင်း၊ အမှိုက်စ၊ စက္ကူတို့အား ကိုက်ဝါးခြင်း၊ အသံအက်ဖြင့် ဟောင်ခြင်း၊ အူခြင်း၊ သွားရည်တစီစီ ကျခြင်း၊ အမြီးကုပ်ခြင်း စသည့်လက္ခဏာများကို တွေ့ရနိုင်သည်။

ခွေးရူးပြန်ရောဂါပိုးရှိသည့် ခွေး၊ ကြောင် စသည့်တိရစ္ဆာန်များ၏ ကုတ်ခြင်း၊ ကိုက်ခြင်းတို့ ခံရခြင်း၊ ၎င်းတိရစ္ဆာန်များ၏ သွားရည်နှင့် မိမိတွင်ရှိသည့် အနာ၊ ဒဏ်ရာများကို ထိမိခြင်း၊ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူထံမှ မျက်ကြည်လွှာ အပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်းများအား အစားထိုးကုသမှု ခံယူခြင်းတို့ကြောင့် ခွေးရူးပြန်ရောဂါကူးစက်နိုင်ခြင်းဖြစ်ရာ ခွေးရူးကာကွယ်ဆေးထိုးမထားသော အိမ်မွေးတိရစ္ဆာန်များနှင့် လမ်းဘေးလေလွင့်ခွေး ကြောင်များကို ကိုင်တွယ်ခြင်းမပြုရန် သတိထားကြရမည်ဖြစ်သည်။ ခွေးရူးပြန်ရောဂါကာကွယ်နိုင်ရန်မှာ အိမ်မွေးခွေးနှင့်ကြောင်တို့ကို ခွေးရူးပြန်ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပေးခြင်းနှင့် ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အနီးကပ်ကိုင်တွယ်သူများကို ခွေးရူးပြန်ကာကွယ်ဆေး ကြိုတင်ထိုးနှံပေးရန်၊ လိုအပ်ပါက ထပ်မံထိုးနှံပေးရန် လိုသည်။

မြန်မာနိုင်ငံတွင် ခွေးရူးပြန်ရောဂါအဖြစ်များသည့် ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ရာ လူနေထူထပ်ခြင်း၊ လူနှင့် အနီးကပ်နေထိုင်သည့် ခွေးကောင်ရေ များပြားခြင်းတို့နှင့် ဆက်နွယ်နေသည်ဟု ဆိုနိုင်သည်။ ခွေးရူးပြန်ရောဂါကူးစက်ခြင်း၏ အကြောင်းရင်းခံမှာ ခွေးကိုက်ခံရခြင်းပင်ဖြစ်ရာ လေလွင့်ခွေးများ ထိန်းချုပ်ခြင်း၊ ရောဂါကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် အိမ်မွေးတိရစ္ဆာန်များကို စည်းကမ်းစနစ်တကျ မွေးမြူခြင်းတို့ဖြင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါ လူ၌ကူးစက်မှု သုညအထိ လျှော့ချနိုင်ရေး အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

---

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ကြီးပုဂ္ဂိုလ်များ ဂုဏ်သိက္ခာရှိစွာရပ်တည်ရေး ကမ္ဘာအနှံ့ဘက်စုံပြုစုစောင့်ရှောက်ပေး

" Ageing with Dignity: The Importance of Strengthening Care and Support Systems for Older Persons Worldwide"

၁.၁၀.၂၀၂၄ နေပြည်တော်

---

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

---

## ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေတနာရှင် အလှူရှင်၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၇**

ရာဂီတိုင်ဖွန်းမုန်တိုင်းသက်ရောက်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် အဆိုပါ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင် အလှူရှင်၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက စက်တင်ဘာ ၁၁ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတို့တွင် ၎င်းတို့၏ အစီအစဉ်ဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

### နေပြည်တော်ကောင်စီနယ်မြေ

နေပြည်တော်ကောင်စီနယ်မြေတွင် အလှူရှင်ပုဂ္ဂိုလ် ၂၉၈ ပါး/ဦး အဖွဲ့အစည်း ၂၈၉ ဖွဲ့တို့က ငွေကျပ် ၈၆ ဒသမ ၃၆၃ သန်းနှင့် ငွေကျပ် ၆၆၈ ဒသမ ၅၁၉ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၇၅၄ ဒသမ ၈၈၃ သန်းကို တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ လယ်ဝေးနှင့် ပျဉ်းမနားမြို့နယ်တို့သို့လည်းကောင်း၊ ကယားပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ခြောက်ပါး/ဦး အဖွဲ့အစည်း ငါးဖွဲ့တို့က ငွေကျပ် ၁၅ ဒသမ ၇၄၂ သန်းနှင့် ငွေကျပ် ၉၉ ဒသမ ၄၇၀ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၁၁၅ ဒသမ ၂၁၂ သန်းကို လွိုင်ကော်မြို့နယ်အတွက်လည်းကောင်း၊ ကရင်ပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ၄၅ ပါး/ဦး အဖွဲ့အစည်း ၅၀တို့က ငွေကျပ် ၄၆ ဒသမ ၈၆၄ သန်းနှင့် ငွေကျပ် ၃၇၆ ဒသမ ၂၀၀ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၄၂၃ ဒသမ ၀၆၄ သန်းကို ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ဖာပွန်မြို့နယ်များသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် တစ်ပါး/ဦး အဖွဲ့အစည်း ရှစ်ဖွဲ့တို့က ငွေကျပ် ၇ ဒသမ ၅၀၀ သန်းနှင့် ငွေကျပ် ၁၆၁ ဒသမ ၉၀၀ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၁၆၉ ဒသမ ၄၀၀ သန်းကို စစ်ကိုင်းတိုင်းဒေသကြီး (ပြင်ပ) ရှိ တံတားဦး၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များသို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် လေး ပါး/ဦးတို့က ငွေကျပ် ၅၀ ဒသမ ၅၀၀ သန်းနှင့် ငွေကျပ် ၁၉၈ ဒသမ ၉၀၀ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၂၄၉ ဒသမ ၄၀၀ သန်းကို တနင်္သာရီတိုင်းဒေသကြီး(ပြင်ပ) ရှိ ကလော၊ ညောင်လေးပင်၊ ရမည်းသင်း၊တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား၊ တောင်ငူမြို့နယ်များသို့လည်းကောင်း သွားရောက်လှူဒါန်းခဲ့သည်။

### ပဲခူးတိုင်းဒေသကြီး

အလားတူ ပဲခူးတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၂၇၉ ပါး/ဦး အဖွဲ့အစည်း ၂၃၁ ဖွဲ့တို့က ငွေကျပ် ၇၆၄ ဒသမ ၈၄၆ သန်းနှင့် ငွေကျပ် ၁၁၈၆ ဒသမ ၅၈၂ သန်း တန်ဖိုးရှိပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၁၉၅၁ ဒသမ ၄၂၈ သန်းကို တောင်ငူ (ခပေါင်းခန်းမ) ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ဖြူး၊ တောင်ငူ(ခရိုင်ကွပ်ကဲရေးရုံး)၊ ညောင်လေးပင်မြို့နယ်တို့သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ခြောက်ပါး/ဦး အဖွဲ့အစည်း ၂၇ ဖွဲ့တို့က ငွေကျပ် ၆၃၄ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၉၃ ဒသမ ၂၄၉ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၇၂၇ ဒသမ ၈၅၄ သန်းကို မကွေးတိုင်းဒေသကြီး (ပြင်ပ) နေပြည်တော်၊ တောင်ငူ၊ မြစ်သား၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ ဇေယျာသီရိ၊ ဝမ်းတွင်း၊ ကလော၊ အင်းလေး၊ ကျောက်ဆည်ဒေသများသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၉၂ ပါး/ဦး အဖွဲ့အစည်း ၂၈၀ တို့က ငွေကျပ် ၈၈၂ ဒသမ ၃၉၀ သန်းနှင့် ငွေကျပ် ၁၇၄၉ ဒသမ ၉၄၀ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၂၆၃၂ ဒသမ ၃၃၁ သန်းကို ရွှေကူ၊သာစည်၊ ရမည်းသင်း၊ ကူမဲ၊ မြစ်သား၊ တံတားဦး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ ဝမ်းတွင်း၊ မြစ်ငယ်၊ ပျော်ဘွယ်နှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ပ) ဆားတောင်၊ သာဂရ၊ တပ်ကုန်း၊ ကလော၊ နေပြည်တော်ဒေသများသို့လည်းကောင်း၊ မွန်ပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ၂၅ ပါး/ဦး အဖွဲ့အစည်း ၁၉ ဖွဲ့တို့က ငွေကျပ် ၁၀၂၆ ဒသမ ၀၁၀ သန်းနှင့် ငွေကျပ် ၈၄၇ ဒသမ ၅၃၉ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၁၈၇၃ ဒသမ ၅၄၉ သန်းကို မွန်ပြည်နယ် (ပြင်ပ) နေပြည်တော်၊ တပ်ကုန်း၊ မြစ်သား၊ ရမည်းသင်း၊ ကျောက်ဆည်၊ တောင်ငူ၊ ပျော်ဘွယ်၊ အင်းလေး၊ ညောင်ရွှေ၊ ကလော၊ လွိုင်လင်၊ ဝမ်းတွင်း၊ ပဲခူး၊ ရေနီ၊ မတ္တရာ၊ ညောင်ဦး၊ ဟိုပန်၊ ဘားအံ၊ ကရင်၊ မန္တလေး၊ ဆွာ၊ ပဲနွယ်ကုန်း၊ ဖြူး၊ ရေတာရှည်ဒေသများသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၇၅ ပါး/ဦး အဖွဲ့အစည်း ၂၄၆ ဖွဲ့တို့က ငွေကျပ် ၁၆၃၂ ဒသမ ၈၅၄ သန်းနှင့် ငွေကျပ် ၄၀၇၈ ဒသမ ၃၃၅ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၅၇၁၁ ဒသမ ၁၉၀ သန်းကို ရန်ကုန်တိုင်းဒေသကြီး (ပြင်ပ) နေပြည်တော်၊ ပဲခူး၊ တောင်ငူ၊ ကလော၊ တပ်ကုန်း၊ ဖြူးဒေသများသို့လည်းကောင်း သွားရောက်လှူဒါန်းခဲ့သည်။

### ရှမ်းပြည်နယ်

ထို့ပြင် ရှမ်းပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ၄၇၃ ပါး/ဦး အဖွဲ့အစည်း ၃၇၈ ဖွဲ့တို့က ငွေကျပ် ၇၉၄ ဒသမ ၂၂၄ သန်း၊ အမေရိကန်ဒေါ်လာ ၅၀၊ ဘတ် ၃ ဒသမ ၄၁၁ သန်း၊ ငွေကျပ် ၁၄၀၈ ဒသမ ၄၀၉ သန်းနှင့် ဘတ် ၀ ဒသမ ၄၆၂ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၂၂၀၂ ဒသမ ၆၃၃ သန်း၊ အမေရိကန်ဒေါ်လာ ၅၀၊ ဘတ် ၃ ဒသမ ၈၇၃ သန်းတို့ကို ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်၊ တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ လွိုင်လင်၊ လင်းခေး၊ တာချီလိတ်မြို့နယ်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၃၇ ပါး/ဦး အဖွဲ့အစည်း ၂၃ဖွဲ့တို့က ငွေကျပ် ၆၃၆ ဒသမ ၂၃၄ သန်းနှင့် ငွေကျပ် ၄၆၇ ဒသမ ၁၀၃ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်းငွေကျပ် ၁၁၀၃ ဒသမ ၃၃၇ သန်းကို ဧရာဝတီတိုင်းဒေသကြီး(ပြင်ပ) ရမည်းသင်း၊ တပ်ကုန်း၊ တောင်ငူ၊ ပျဉ်းမနား၊ ဝမ်းတွင်း၊ အင်းလေး၊ ကလော၊ ဟိုပုန်း၊ ကျောက်ဆည်၊ ရွှေညောင်၊ ညောင်ရွှေ၊ လယ်ဝေးမြို့နယ်များသို့လည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြသည်။

### ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်း

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့မှ အလှူရှင်ပုဂ္ဂိုလ်စုစုပေါင်း ၁၃၄၁ ပါး/ဦး အဖွဲ့အစည်း ၁၅၅၆ ဖွဲ့တို့က ငွေကြေးတန်ဖိုးအားဖြင့် ငွေကျပ် ၆၅၇၈ ဒသမ ၁၃၂ သန်း၊ အမေရိကန်ဒေါ်လာ ၅၀နှင့် ဘတ် ၃ ဒသမ ၄၁၁ သန်း၊ ပစ္စည်းတန်ဖိုးအားဖြင့် ငွေကျပ် ၁၁၃၃၆ ဒသမ ၁၄၆ သန်းနှင့် ဘတ် ၀ ဒသမ ၄၆၂ သန်း စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၇၉၁၄ ဒသမ ၂၇၈၊ အမေရိကန်ဒေါ်လာ ၅၀၊ ဘတ် ၃ ဒသမ ၈၇၃ သန်းတို့ကို ရေဘေးသင့်ဒေသများသို့ ၎င်းတို့၏ အစီအစဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ **ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်၊ စာရင်းဇယားများအရ ကိုဗစ် - ၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာ အနေဖြင့် ခရီးသည်စုစုပေါင်း ၁ ဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရှိရ**

❖ *ရွှေဖုံးမှ*

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

### ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများ ကျင်းပလျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ယခုရက်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်အလိုက် ဆောင်ပုဒ်များ သတ်မှတ်၍ ကျင်းပခဲ့ပြီး ယခုနှစ်အတွက် **“ခရီးသွားနှင့် ငြိမ်းချမ်းရေးလက်တွဲတူယှဉ်ဖော်ဆောင်ပေး – Tourism and Peace ”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ဂျော်ဂျီယာနိုင်ငံ၊ ထရီဗီလီဆီမြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလျက်ရှိကြောင်း။

### အမည်ပြောင်းလဲသတ်မှတ်

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကို လေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် **“ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization–UNWTO)”** ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀ ၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ၆ နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်တို့ပါဝင်ကာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်ပြီး **“ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)”** ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း။

### တစ်ကမ္ဘာလုံးခရီးသည် လှည့်လည်သွားလာမှု

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကိုဗစ် – ၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ခရီးသည်စုစုပေါင်း ၁ ဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ Short Video ပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

**❐ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ပထမငါးလအတွင်း ငါးသိန်းကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်**

**❐ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်နိုင်သည့်လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားများ၏ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီးငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးရရှိစေရန် ကမ္ဘာပေါ်ရှိနိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်သည့်အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်အားလုံးစုပေါင်း၍ ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေးဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရကြောင်း။

**ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ကြရန်ဆွဲဆောင်နိုင်**

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် ပေါင်းစည်းနေထိုင်ကြကြောင်း၊ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများ၊ မြင့်မားသည့်တောင်တန်းများ၊ ကျွန်းစုများနှင့် မြေဩဇာကောင်းသည့်လွင်ပြင်များ ကြွယ်ဝသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်ကြရန် ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

**ခရီးသွားလုပ်ငန်းကို အလေးထားဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ပထမငါးလအတွင်း ငါးသိန်းကျော် ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်နိုင်သည့်လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့် လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ပြန်လည်ထူထောင်နိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး၏ အရသာနှင့် အသီးအပွင့်များကို ရရှိခံစားလာနိုင်မည်ဖြစ်ခြင်းကြောင့် လက်ရှိဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနနှင့် ခရီးသွားအဖွဲ့အစည်းများအနေဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်များကို ခရီးသွားဧည့်သည်များထံ အချိန်တိုတိုအတွင်း ထိထိရောက်ရောက်သိရှိစေမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**"ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး"** ဟူသည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခရီးသွားလုပ်ငန်းကဏ္ဍဆောင်ရွက်သူများအားလုံး နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ Short Video ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက်ပြခန်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့်ပြခန်းများ၊ ဝန်ကြီးဌာနအလိုက် ပြခန်းများနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရေကြီးနစ်မြုပ်မှုခံရသောသီးနှံများအား ပြန်လည်ကုစားရန် အသိပညာပေးဆွေးနွေး

**ပုဗ္ဗသီရိ စက်တင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း တိုင်ဖွန်းမုန်တိုင်း "ရာဂီ" မုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်ဒဏ်ခံခဲ့ရသော သီးနှံစိုက်ခင်းများအား အထွက်နှုန်း ထိခိုက်မှုလျော့နည်းသက်သာစေရန်အတွက် ပြန်လည်ကုစားရန်လိုအပ်သည့် နည်းစနစ်များနှင့် ပြန်လည်စိုက်ပျိုးမည့် သီးနှံများအတွက် ပျက်စီးသွားသော မြေဆီလွှာများကို ပြန်လည်ပြုပြင်ရေးနည်းလမ်းများ၊ ကြုံတွေ့နိုင်သော ဖျက်ပိုးများကြောင့် သီးနှံစိုက်တောင်သူများ သီးနှံပျက်စီးဆုံးရှုံးမှုမရှိစေရေး နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲနှင့် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာဘာသာရပ် ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက သီးနှံစိုက်တောင်သူများကို ပညာပေးဆွေးနွေးပွဲဆောင်ရွက်ခဲ့ပြီးနောက် ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဝင်ငွေ အမြန်ရလွယ်သော ဟင်းသီး ဟင်းရွက်မျိုးစေ့များ၊ နည်းပညာလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် စိုက်ပျိုးရေး ဆေးကုမ္ပဏီများမှ လှူဒါန်းသည့် ပိုးသတ်ဆေးနှင့် ရွက်ဖျန်းမြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းသန်းနွယ်(ပုဗ္ဗ)

## အိမ်မဲမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် နည်းပြသင်တန်း သင်ကြားနေမှုများအား ကြည့်ရှုအားပေး

**အိမ်မဲ စက်တင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အ.ထ.က (၂) ကျောင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် နည်းပြသင်တန်း သင်ကြားနေမှုများကို ယနေ့နံနက် ၁၀ နာရီခွဲက တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် နည်းပြသင်တန်း သင်ကြားနေမှုများကို မြို့နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးနှင့် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုမေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းကို အထူးနည်းပြသင်တန်းတိုင်းဒေသကြီး (ပုသိမ်)တွင် တက်ရောက်ခဲ့သော ဆရာတစ်ဦး၊ ခရိုင်နည်းပြသင်တန်းတွင် တက်ရောက်ခဲ့သည့် ဆရာ ဆရာမ ကိုးဦးတို့မှ သင်တန်းသား သင်တန်းသူ ၁၆၆ ဦးကို စက်တင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ အ.ထ.က (၂) ကျောင်း၌ ဆင့်ပွား ပြန်လည်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ချစ်သက်လယ် ( ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင် ဦးဆောင်စိုက်ပျိုးပေး

**နေပြည်တော် စက်တင်ဘာ ၂၇**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ယနေ့တွင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**❑ ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၉၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သစ်ပင်သစ်တောများရှိခြင်းသည် မိမိတို့နေထိုင်သည့် ပတ်ဝန်းကျင်သာယာလှပမှုကို ဖြစ်ပေါ်စေပြီး လူနှင့် သက်ရှိတို့အတွက် ကောင်းကျိုးများကို ရရှိကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ပြုလုပ်၍ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

**စနစ်တကျထိန်းသိမ်း**

လက်ရှိကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးဒဏ်များ မကြာခဏကြုံတွေ့နေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်မှုကို ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုအနည်းဆုံး ဖြစ်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျ ထိန်းသိမ်းခြင်းတို့ဖြင့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်နိုင်ကြောင်း။

၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပျက်စီးမှုအများဆုံးကြုံတွေ့ခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ပြီး အစားထိုး၍ မရနိုင်ကြောင်း၊ ထို့ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းပါးခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကို သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း။

**ရေကြီးရေလျှံမှုဖြစ်ပေါ်**

မိမိတို့နိုင်ငံရှိ မြစ်ချောင်းများ၏ မြစ်ဖျားပိုင်းနှင့် အထက်ပိုင်းများ၌ရွှေနှင့် သတ္တုတူးဖော်ခြင်း၊ မြစ်ကမ်းနံဘေးရှိ သစ်များ အားအလွန်အကျွံ ခုတ်ယူခြင်းများကြောင့် သဲနုန်းများရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာကာ သောင်ထွန်းခြင်းများနှင့် Bed Level မြင့်တက်ခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေလမ်းကြောင်း ထိန်းသိမ်းမှုအားနည်းခြင်းများကြောင့် မြစ်ချောင်းများအတွင်း သဲနုန်းများပို့ချမှု များပြားလာခြင်းသည် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း။

မကြာမီက ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့ နိုင်ငံတွင် မိုးကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများအနက် အဆိုးဆုံးထိခိုက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ပျက်စီးမှု ကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျ ထိန်းသိမ်းခြင်းဖြင့် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရေစီးကြောင်းနှင့်အတူ မျောပါလာသည့် သစ်လုံးကြီးများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း။

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံး ဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်ပြီး မိမိတို့ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းကြောင့်ရရှိလာမည့် အကျိုးရလဒ်ကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင် **"တစ်ပင်စိုက်လျှင် တစ်ပင်ရှင်ရမည်"** ဆိုသည့်အတိုင်း ရှင်သန်အောင် စိုက်ပျိုးသွားကြရန်နှင့် ရေရှည်ဆက်လက်ကြီးထွားလာစေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းသွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများနှင့် အတူ သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို အတူတကွစုပေါင်းစိုက်ပျိုးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၁၂၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်၉၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်း အပင် ၂၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း (၄၁)ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင်စုစုပေါင်း ၂၀၁၂၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံး အနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၂၁၅၇၃ ပင် ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၈၂၆၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၈၅၄ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၇၀၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပင် ၂၂၆၃၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၅၆၈၅ ပင်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၌ ၁၀၈၃၀ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၄၆၁၅ ပင်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်၌ ပင် ၂၂၉၆၉၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၉၁၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၅၁၅ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၂၈၈၇ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၉၅၉ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၃၃၅ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့်တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၂၂၁၅၇၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နေပြည်တော်တိုင်းစစ်ဌာနချုပ် သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

❒ *ကျော်ဖုံးမှ*

- **ရေဘေးသင့်ပြည်သူများအနေဖြင့် မိမိနေရာ၊ မိမိဒေသရှိ ကိုယ့်အိမ်၊ ကိုယ့်ရာများသို့ ပြန်လည်သွားရောက်ပြီး အမြန်ဆုံးပြုပြင်နေထိုင်ခြင်းဖြင့် လုံခြုံမှုရှိပြီး ရေရှည်ကောင်းမွန်သည့်လူမှုဘဝကို တည်ဆောက်နိုင်မည်ဆိုသည်ကိုလည်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားပေးရမည်၊ ရေဘေးသင့်ပြည်သူများ၏ နေအိမ်များနှင့် လမ်းများ၌ ကျန်ရှိနေသည့်သဲနုန်းများ၊ အမှိုက်များကို ဖယ်ရှားပြီး သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူများနှင့်အတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်**
- **ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဖွဲ့စည်းပြီး ၂၄ နာရီ အရေးပေါ်ရုံးခန်းဖွင့်လှစ်ထားရှိ**

ဒေါက်တာ စိုးဝင်း၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်

ဦးစွာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် စက်တင်ဘာ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ချက်နှင့် မူဝါဒများ ချမှတ်ပေးခဲ့ကြောင်း၊ အဆိုပါလမ်းညွှန်ချက်များနှင့် မူဝါဒများကိုလည်း သက်ဆိုင်ရာ ကော်မတီများသို့ ဖြန့်ဝေပေးထားပြီး ဖြစ်ကြောင်း၊ လမ်းညွှန်ချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှုကိုလည်း သုံးသပ်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်အကန့်အသတ်များရှိသည့်အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အလျင်အမြန် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများကို အောက်တိုဘာလအတွင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်မှာကြားထားသည့်အတွက် သတ်မှတ်ကာလအတွင်း ဖြစ်နိုင်သရွေ့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကယ်ဆယ်ရေးစခန်းများရှိပြည်သူများကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက် ရေပြန်ကျချိန်များတွင် မိမိတို့၏ အိမ်များသို့ ပြန်လည်ပြီး အခြေချနေထိုင်နိုင်ရေးနှင့် ပျက်စီးမှုများ ပြုပြင်ပေးနိုင်ရေးကိုလည်း တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လမ်းတံတားများနှင့် စပ်လျဉ်း၍ အဓိက လမ်းမကြီးများနှင့် လမ်းသွယ်များအလိုက် လမ်းပျက်စီးမှုများကို ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းခြင်း၊ လုံးဝပျက်စီးသွားသည့် တံတားများ လတ်တလော သွားလာနိုင်ရန် ယာယီတံတားများ ဆောင်ရွက်ပေးရန်နှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး လမ်းညွှန် မှာကြားထားသည့်အတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် မြေပြင်စာရင်း မှန်ကန်ရေးမှာ အရေးကြီးသည့်အတွက် ကနဦး လိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီက စာရင်း အချက်အလက် ကောက်ယူရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ သို့မှသာ အချက်အလက် မှန်မှန်ကန်ကန်သိရှိပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

### တာဝန်ရှိသူများက နည်းလမ်းမျိုးစုံဖြင့် ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်ပေးရမည်

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအပိုင်းတွင် ယနေ့အချိန်ထိ ဆောင်ရွက်လျက်ရှိပြီး ဘေးဒုက္ခရောက်သည့် နေရာအားလုံးသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ မရောက်မရှိမဖြစ်စေရေး အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက နည်းလမ်းမျိုးစုံဖြင့် သွားရောက်ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်ပေးရမည် ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးရမည့်အချက်များကို ဆွေးနွေးနိုင်ရန် တာဝန်ရှိသူများက အချက်အလက်များ ပေးပို့ထားပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ဗဟိုဌာန (Disaster Management Centre) အနေဖြင့် စက်တင်ဘာ ၁၂ ရက်မှ စတင်၍လုပ်ငန်းများ ဆောင်ရွက်ပြီး စာရင်းကောက်ယူ၍ သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ရေးအတွက် နေ့ညတာဝန်ပေးအပ်ပြီး အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း အဆင့်အလိုက် ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ DMC အဖွဲ့များနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ အလေးထားဆောင်ရွက်နိုင်ရေးကို တွန်းအားပေးရမည်ဖြစ်ကြောင်း။

### ရေဘေးသင့်ပြည်သူများ မူလနေရပ်သို့ အတတ်နိုင်ဆုံး ပြန်လည်ရောက်ရှိရန်လိုအပ်

နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပြင် အခြား ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည့် ပြည်လုံးကျွတ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းမစတင်မီ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများ မူလနေရပ်သို့ အတတ်နိုင်ဆုံး ပြန်လည်ရောက်ရှိရန် လိုအပ်ပြီး ထောက်ပံ့ပေးအပ်မှုများကို ဆွေးနွေးတိုင်ပင်ပြီး အတည်ပြုရာထားနှုန်းထားအပေါ် မူတည်၍ အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ အနေဖြင့် မိမိနေရာ၊ မိမိဒေသရှိ ကိုယ့်အိမ်၊ ကိုယ့်ရာများသို့ပြန်လည်သွားရောက်ပြီး အမြန်ဆုံးပြုပြင်နေထိုင်ခြင်းဖြင့် လုံခြုံမှုရှိပြီး ရေရှည်ကောင်းမွန်သည့် လူမှုဘဝကို တည်ဆောက်နိုင်မည်ဆိုသည်ကိုလည်း တာဝန်ရှိသူများက ရှင်းလင်းပြောကြားပေးရမည်ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ၏ နေအိမ်များနှင့် လမ်းများ၌ ကျန်ရှိနေသည့်သဲနုန်းများ၊ အမှိုက်များကို ဖယ်ရှားပြီး သန့်ရှင်းရေး လုပ်ငန်းများကို ပြည်သူများနှင့် အတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုအပိုင်းများတွင် လစ်ဟာမှုမရှိစေရေးအတွက် စနစ်တကျတွက်ချက်၍ ဆောင်ရွက်ပေးနိုင်ရေးအတွက် သေဆုံးမှု၊ အိုးအိမ်ပျက်စီးမှု၊ ကျောင်းများနှင့် သာသနိကအဆောက်အဦများ ပျက်စီးမှု၊ စိုက်ပျိုးရေးသီးနှံများ ပျက်စီးမှုနှင့် အခြားပျက်စီးမှုများကို ကဏ္ဍအလိုက် တိတိကျကျဆွေးနွေး ပေးကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု အခြေအနေ၊ လက်ရှိ နောက်ဆုံးအခြေအနေ၊ တိုးတက်မှုအခြေအနေ၊ လမ်းတံတားပျက်စီးမှု၊ ပြန်လည်ဆောင်ရွက် ထားရှိမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ထိထိရောက်ရောက် ဆွေးနွေးပေးကြရန် လိုကြောင်း ဖြင့် ပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါက်တာစိုးဝင်းနှင့် ဦးကိုကိုလှိုင်တို့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အလှူငွေ၊ အစားအသောက်နှင့် ဆေးဝါးများအပြင် လိုအပ်သည့် အခြားထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ရေဘေးသင့်ပြည်သူများ မူလနေရပ် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးနေမှု၊ ကော်မတီမှ စားနပ်ရိက္ခာများ ထောက်ပံ့ပေး လျက်ရှိမှု၊ ပျက်စီးသွားသည့် နေအိမ်များ၊ ဆုံးရှုံးသွားသည့်ပစ္စည်းများနှင့် သေဆုံးသူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှု၊ ပြည်ပနိုင်ငံများမှ လှူဒါန်းသည့် ပစ္စည်းများလက်ခံရရှိမှု၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များအား အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် အခြေခံပညာကျောင်းများနှင့် ပညာရေးရုံးများ၏ ယာယီပိတ်ထားမှု၊ ပျက်စီးဆုံးရှုံးခဲ့မှု၊ ရေပြန်လည်ကျဆင်းသွားသည့်ဒေသများရှိ ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ယာယီပိတ်ထားသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အစားထိုးပြန်လည် သင်ကြားနိုင်ရန် အချိန်ဇယားများ ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု၊ သေဆုံး၊ ပျောက်ဆုံးခဲ့မှု အခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် လမ်းတံတားများအား ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ရေနစ်မြုပ်မှုကြောင့် ရာသီသီးနှံစိုက်ဧကများကို အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် အလှူငွေများ၊ ထောက်ပံ့ရေးပစ္စည်းများရရှိမှုအလိုက် ဖြန့်ခွဲပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနဖွဲ့စည်းပြီး ၂၄ နာရီ အရေးပေါ်ရုံးခန်း ဖွင့်လှစ်ထားရှိ

တိုင်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုများ အနေဖြင့် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်း စာရင်းဇယားများအရ နိုင်ငံအဝန်း၌ မြို့နယ် ၁၁၀ မြို့နယ်မှ လူနေအိမ် ၁၁၅၀၀၂ လုံး၊ ရုံးဌာနအဆောက်အဦ ၁၂၉ လုံး၊ စာသင်ကျောင်း ၃၃၃ ကျောင်း၊ ဘာသာရေးကျောင်း ၂၂၈ ကျောင်း၊ လမ်း/တံတားပျက်စီးမှု ၁၃၅၈ ခု၊ လျှပ်စစ်မီးတိုင် ၅၆၂၂ တိုင်၊ ဆက်သွယ်ရေးတိုင် ၁၁၄ တိုင်၊ စပါးစိုက်ဧက ခုနစ်သိန်း ရှစ်သောင်းကျော် ထိခိုက်ပျက်စီးခဲ့ကာ သေဆုံးသူ ၄၃၃ ဦး၊ ပျောက်ဆုံးသူ ၇၉ ဦးရှိပြီး တိရစ္ဆာန် သေဆုံးမှုအနေဖြင့် ၁၇၆၂၄၆ ကောင်ရှိကြောင်း သိရှိရပြီး ရေဘေးသင့်ဒေသများသို့ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဖွဲ့စည်းပြီး ၂၄ နာရီ အရေးပေါ်ရုံးခန်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၇၅)နှစ်မြောက်အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅) နှစ်မြောက်အထိမ်းအမှတ် ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် အဖွဲ့ဝင်များသည် အဆိုပါ အခမ်းအနားကျင်းပသည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ စစ်သံမှူး Senior Colonel Qu Zhe နှင့် တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅)နှစ်မြောက်အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ပုံ)**

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၇၅)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တရုတ်နိုင်ငံစစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ညှော်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ရုံးအမှတ် (၃၁) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအားကစားပွဲတော် ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားပွဲတော်၌ အသုံးပြုရန် အတည်ပြု သတ်မှတ်ရွေးချယ်ထားသည့် Logo နှင့် အခမ်းအနား ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပမှု အစီအစဉ်များ၊ သရုပ်ပြဖျော်ဖြေမှုဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ ပရိသတ်များ လာရောက်ကြည့်ရှုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် မီးရှူးတိုင်သယ်ယူမည့် လမ်းကြောင်း စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြား၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အဆင့် ခမ်းနားအောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များနှင့် ပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ခမ်းနားအောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)နှင့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)တို့၌ ကျောင်းသားများ ရှင်လန်းချမ်းမြေ့စွာစာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၇**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယနေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) သို့ ရောက်ရှိပြီး စာမေးပွဲခန်းများတွင် အင်ဂျင်နီယာ ဘာသာရပ်များအလိုက် ကျောင်းသား ကျောင်းသူများ ရွှင်လန်းချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနိုင်ရေး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ် Master Plan နှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ ပြည်သူများကို အမှန်တကယ်အလုပ်ကျွေးပြုနိုင်သည့် အရည်အသွေးပြည့်မီသော အင်ဂျင်နီယာလူငယ်ကောင်းများကို စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်သည့် ရပ်ဝန်းကောင်းအဖြစ် ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဖြေဆိုမှုပြီးစီး၍ စာမေးပွဲခန်းများမှ ပြန်လည်ထွက်ခွာလာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဖြေဆိုနိုင်မှု အခြေအနေများကို မေးမြန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိပြီး စာမေးပွဲဖြေဆိုရန် ရောက်ရှိနေကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာမေးပွဲများတွင် ဖြေဆိုနိုင်ရေးဆောင်ရွက်ကြသလို နိုင်ငံ့အကျိုးပြု IT ပညာရှင်များဖြစ်စေရေး ရည်မှန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် စာမေးပွဲခန်းများတွင် ဘာသာရပ်များအလိုက် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော်  စက်တင်ဘာ ၂၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ်ပွန်နမ်ပီရူးမားအာရာချ်ချီဂီ ပရာဘာရှီနီ ပွန်နမ်ပီရူးမားကို ယနေ့ နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ–သီရိလင်္ကာနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေးနှင့် စီးပွားရေး၊ ကောင်စစ်၊ အိုင်တီနည်းပညာ၊ စိုက်ပျိုးရေးနှင့် သာသနာရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# (၄၂) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ သံအမတ်ကြီး ဦးအောင်ကိုနှင့် မြန်မာစွမ်းအင်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၇**

(၄၂) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (42nd ASEAN Ministers on Energy Meeting (AMEM) and Associated Meetings) ကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် ကြီးမှူးကျင်းပလျက်ရှိရာ လာအို ပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ၊ စွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား လာအိုပြည်သူ့ဒီမိုကရက်တစ် နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကို၊ စွမ်းအင်ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံစွမ်းအင်ဗဟိုဌာနနှင့် နိုင်ငံတကာမှ စွမ်းအင်ဆိုင်ရာ အဖွဲ့အစည်းများ၏ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Plan of Actions for Energy Cooperation – APAEC Phase II (2021–2025)) ၏ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍခွဲများ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးများတွင် ဒေသတွင်းနိုင်ငံများအကြား ရေအောက်လျှပ်စစ်ဓာတ်အားလိုင်းများ အပါအဝင် လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် အဆင့်မြှင့်တင်ရေး၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက်နှင့် LNG Terminal များ တိုးမြှင့်တည်ဆောက်ရေး၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးစွဲမှု နည်းပညာများ အသုံးပြုရေး၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးချရေးနှင့် စွမ်းအင်ချွေတာရေး၊ ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များ ပိုမိုတိုးမြှင့်သုံးစွဲရေး၊ မြို့ပြသုံး နျူကလီးယား စွမ်းအင်ဆိုင်ရာ နည်းပညာနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်းများအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး Joint Ministerial Statement (JMS) of 42nd AMEM နှင့် Joint Ministerial Statement of 21st AMEM+3 တို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

(၄၂) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအဖြစ် (၂၁)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက် ၃ နိုင်ငံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများ စွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ စွမ်းအင်ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီတို့ အစည်းအဝေးများကိုလည်း ကျင်းပခဲ့ပြီး ဒေသတွင်း စွမ်းအင်မျှဝေသုံးစွဲရေး၊ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးနှင့် သန့်ရှင်းသောစွမ်းအင်အသုံးပြုရေးတို့နှင့် စပ်လျဉ်းသော အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့်အတူ (၂၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ စီးပွားရေးဖိုရမ် (24th ASEAN Energy Business Forum – 24th AEBF) နှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်ပွဲတို့ကိုလည်း တစ်ပေါင်းတည်းကျင်းပပြုလုပ်ခဲ့ပြီး 8th ASEAN ENERGY OUTLOOK ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံနည်းပြ ဒိုင်သင်တန်း ဖွင့်လှစ်

**လယ်ဝေး  စက်တင်ဘာ ၂၇**

ပညာရေးဝန်ကြီးဌာနမှ ပညာရေးဒီဂရီကောလိပ်များ၊ ကာယပညာနှင့် အားကစားအခြေခံနည်းပြ ဒိုင်သင်တန်းကို စက်တင်ဘာ ၁၆ ရက်မှစ၍ လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း အမှတ် (၂ )၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းကို ပညာရေးဒီဂရီကောလိပ်များတွင် ကာယပညာနှင့် အားကစားလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် အာဆီယံတက္ကသိုလ်များ ကျောင်းသားအားကစားပွဲတော်အတွက် နိုင်ငံ့ကိုယ်စားပြုလက်ရွေးစင်များ မွေးထုတ်ပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချနေခြင်းဖြစ်ကြောင်း ဆရာအတတ်ပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲနိုင်ထံမှ သိရသည်။



သင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် အားကစားနည်းများ၏ အခြေခံနည်းပြ/ ဒိုင်အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဒီဂရီကောလိပ်များမှ ကာယပညာနှင့် ဖွံ့ဖြိုးရေးဘာသာရပ်များမှ နည်းပြဆရာ ဆရာမ ၁၀၀ သင်တန်းတက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ်၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ  စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မူလတန်းကြိုကျောင်း အကြီးတန်းနှင့် အငယ်တန်းတို့မှ ကလေးငယ်များက ဉာဏစွမ်းရည်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကလေးငယ်များကို လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သိမ့်သိမ့်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်သည့် ဖိတ်ခေါ်ချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ စက်တင်ဘာလ ၂၆ ရက်နေ့ မနေ့က ထုတ်ပြန်ကြေညာခဲ့တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဖို့ ဖိတ်ခေါ်ချက်နဲ့ပတ်သက်ပြီး မီဒီယာများရဲ့ မေးမြန်းမှုများကို တစ်ပေါင်းတည်း ရှင်းလင်းပြောကြားသွားပါမယ်။ တပ်မတော်အနေနဲ့ နိုင်ငံရေးတာဝန်ရယူခဲ့ရခြင်းရဲ့ အဓိကအခြေခံ အကြောင်းတရားကတော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ ဖြစ်ပွားခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ဒါနိုင်ငံရေးအရ မသမာမှုလုပ်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံရေးအရ ညစ်တယ်လို့လည်း ဆိုနိုင်ပါလိမ့်မယ်။ နိုင်ငံရေးပြဿနာပါ။ ဒါကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့ တပ်မတော်က တရားဥပဒေနဲ့အညီ တောင်းဆိုခဲ့ပါတယ်။

လွှတ်တော်နည်းလမ်း၊ အခြေခံဥပဒေခုံရုံးနည်းလမ်း၊ တရားလွှတ်တော်ချုပ်နည်းလမ်း၊ အစိုးရနဲ့ အဓိကတာဝန်ရှိသူတွေက ဖြေရှင်းပေးရမယ့်နည်းလမ်း စတဲ့နည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။ မရခဲ့ပါဘူး။ နိုင်ငံရေးနည်းလမ်းနဲ့မဖြေရှင်းဘဲ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ပြီး NUG, PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေတည်ထောင်ပြီး အကြမ်းဖက်မှုတွေ ကျူးလွန်ခဲ့ပါတယ်။ ပြည်သူကို ခြိမ်းခြောက်ခဲ့ပါတယ်။ ဒီလိုအကြမ်းဖက်မှု၊ PDF တွေရဲ့ တိုက်ခိုက်မှုတွေကြောင့် ဒီနေ့ စက်တင်ဘာလ ၂၇ ရက်နေ့အထိ နိုင်ငံတစ်ဝန်းမှာ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ ရဟန်း သံဃာ ၈၄ ပါး အပါအဝင် အပြစ်မဲ့ ပြည်သူ ၆၇၀၀ ကျော် သေဆုံးခဲ့ရပါတယ်။ ဗုံးဖောက်ခွဲမှု ၉၀၀၀ ကျော်ခန့် ဖြစ်ပွားခဲ့ပါတယ်။ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်များ၊ လူနေအိမ်များအပါအဝင် အခြေခံအဆောက်အဦ မီးရှို့ဖျက်ဆီးခဲ့မှု ၁၃၀၀ ကျော် ရှိခဲ့ပါတယ်။ ဒါဟာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ နစ်နာမှုတွေပဲဖြစ်ပါတယ်။

ဒီအကြမ်းဖက်မှုတွေကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွေကို များစွာ ထိခိုက်ခဲ့ရပါတယ်။ ဒါ့ကြောင့်လည်း ဒီကြေညာချက်ကို ထုတ်ခြင်းဖြစ်ပါတယ်။ ဒီကြေညာချက်ထုတ်ပြန်ရခြင်း အကြောင်းရင်းတွေကတော့ (၁) ယနေ့ မြန်မာနိုင်ငံရဲ့အခြေအနေ၊ (၂) ပြောင်းလဲလာတဲ့ နိုင်ငံတကာအခြေအနေ၊ (၃) ငြိမ်းချမ်းရေးကို လိုလားတဲ့အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရဲ့ သဘောဆန္ဒတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုပြန်သွားနိုင်ဖို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို စတင်နေပြီဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း နေရာဒေသမရွေး ဒီမိုကရေစီစနစ်ကို ရယူခံစားနိုင်ခွင့်ရှိဖို့လိုပါတယ်။ ပြည်သူ့အစိုးရကို ပြည်သူလူထုက လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိရပါမယ်။ ဒီအတွက် လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရပါမယ်။ ဒီလိုဖြစ်ဖို့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ အရေးကြီးလှပါတယ်။ ဒါကို ဖော်ဆောင်နိုင်ဖို့ ဒီကြေညာချက် ထွက်ပေါ်လာရခြင်းဖြစ်ပါတယ်။

ဒ့ါအပြင် ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ဒေသတော်တော်များများမှာ မိုးနှောင်းကာလ ရေကြီးရေလျှံမှုဒဏ်တွေ၊ သဘာဝဘေးဒဏ် ခံခဲ့ရပါတယ်။ နှစ် ၅၀/ ၁၀၀ အတွင်းမှာ အဆိုးရွားဆုံးဖြစ်စဉ်ပါပဲ။ ဒီအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ တော်တော်ပြင်းပြင်းထန်ထန်ကို ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အလျင်အမြန်ဆောင်ရွက်နိုင်ဖို့၊ တည်ငြိမ်အေးချမ်းဖို့လိုပါတယ်။ ပြည်သူတွေအပေါ်မှာ တစ်ပူပေါ် နှစ်ပူအဆင့်မခံစေချင်ပါဘူး။ ဒ့ါကြောင့် ပြည်သူလူထုအပေါ် စာနာထောက်ထားပြီး ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းဖို့ မေတ္တာရပ်ခံရခြင်းဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ဒီနေ့ နိုင်ငံတကာအခြေအနေတွေကိုလေ့လာကြည့်ရင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၊ ဒေသတွင်းအင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားပြိုင်ဆိုင်မှုဟာ ပိုမိုများပြား ပြင်းထန်လာတာကို တွေ့ရပါမယ်။ ရုရှား - ယူကရိန်းကိစ္စ၊ အရှေ့အလယ်ပိုင်းကိစ္စ၊ တောင်တရုတ်ပင်လယ်ကိစ္စတွေဟာ ထင်ရှားတဲ့မြင်ကွင်းတွေပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့နိုင်ငံလို နိုင်ငံငယ်တွေအနေနဲ့ ပြည်တွင်းစည်းလုံးညီညွတ်မှုခိုင်မာဖို့ လိုအပ်ပါတယ်။ ပြည်တွင်းစည်းလုံးညီညွတ်မှုယိုင်နဲ့နေရင် နိုင်ငံတကာ ပြိုင်ဆိုင်မှုတွေအကြားမှာ နိုင်ငံပါပျောက်သွားနိုင်တဲ့အထိ အန္တရာယ်ကြီးမားလာပါတယ်။ ဒ့ါကြောင့်လည်း ပြည်တွင်းညီညွတ်မှုကိုဦးတည်ပြီး ဒီကြေညာချက်ထွက်ပေါ်လာရခြင်းပဲဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ တချို့သောတိုင်းရင်းသားလက်နက်ကိုင် EAOs အဖွဲ့များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရဲ့ ဆန္ဒသဘောထားတွေကြောင့်ပါပဲ။ ပြည်သူလူထုရဲ့ နေ့စဉ်လူမှုစီးပွားဘဝလုံခြုံရေး၊ တိုးတက်ရေးကိုလိုလားတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးက နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော်အကြီးအကဲများထံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မြှင့်တင်ဆောင်ရွက်ဖို့ အကြံပြု၊ ဆန္ဒပြုကြပါတယ်။ ဒီအဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးရဲ့ ငြိမ်းချမ်းရေးဆန္ဒကို ကျွန်တော်တို့ အစိုးရက ကျေးဇူးအထူးတင်ပါကြောင်းနဲ့ အထူးအလေးထားပါကြောင်းလည်း ပြောကြားလိုပါတယ်။

တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ရချိန်ကစပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ငြိမ်းချမ်းရေးအတွက် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို နိုင်ငံ့ခေါင်းဆောင်နဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်ရေး ထုတ်ပြန်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ ၇ ဖွဲ့၊ NCA လက်မှတ်မရေးထိုးသေးတဲ့အဖွဲ့ ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ခေါင်းဆောင်များနဲ့ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ၃ ကြိမ် တိုင်တိုင် ဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲ့ဒီလိုဆွေးနွေးရာမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေနဲ့လည်း NCA လက်မှတ်ရေးထိုးထားတဲ့ EAO များနဲ့ ၅၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ EAO များနဲ့ ၂၄ ကြိမ်၊ နိုင်ငံရေးပါတီများနဲ့ ၁၅ ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ State Holder များနဲ့ ၃ ကြိမ်၊ စုစုပေါင်း ၉၈ ကြိမ် ဆွေးနွေးနိုင်ခဲ့ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ အကြမ်းဖက်လက်နက်ကိုင် ပဋိပက္ခများကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေ၊ ပြည်သူပိုင် အခြေခံအဆောက်အဦတွေ၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေ များစွာဆုံးရှုံးခဲ့ရပါတယ်။

ဒ့ါကြောင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ပြီး ဒီမိုကရေစီလမ်းစဉ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့ ကိုက်ညီတဲ့ ပါတီနိုင်ငံရေးလမ်းကြောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းတို့ကနေ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်ကြဖို့ ကမ်းလှမ်းဖိတ်ခေါ်ရခြင်းပဲဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်မှာ စစ်မှန်တဲ့စေတနာရှိရင် ပြည်သူကို မျက်နှာမူ၊ ငြိမ်းချမ်းရေးကို ရှေးရှုကြပါ။ ပြည်သူ့ဆန္ဒအလေးထား၊ အကြမ်းဖက်လုပ်ငန်းစဉ်များကို ရှောင်ရှားကြပါ။ ပြည်သူ့အရေးအလေးပေး၊ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးကြပါလို့ ပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## မင်းဘူးမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှုအသိပညာပေး

**မင်းဘူး စက်တင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် ထောက်ရှာပင်ဆိပ်ကမ်း၌ ဧရာဝတီမြစ်ကမ်းနားတစ်လျှောက် ပလတ်စတစ်နှင့် အခြားအမှိုက်များ စွန့်ပစ်ခြင်းများ



ကင်းဝေးစေရန်နှင့် အဏ္ဏဝါအမှိုက်သရိုက်ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လူထုလှုပ်ရှားမှု အသိပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၅ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ လုပ်ငန်းကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်အရ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဇေယျနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်နှင့် ဆိပ်ကမ်းများတွင် ပင်လယ်သမုဒ္ဒရာနှင့် မြစ်များအတွင်း ပလတ်စတစ်နှင့် အခြားအမှိုက်များ မစွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါအမှိုက်သရိုက် ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ ဆောင်ပုဒ်နှင့်အညီ အမှိုက်ကောက်ခြင်းများ စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



ရမည်းသင်းမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့်ပျက်စီးသွားသည့် ကန်ဆွယ်-ကန်မြင့်-မှန်စီ-ဝါးတော-မကျီးစု ကျေးရွာချင်းဆက်လမ်းပိုင်းကို မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ပြုပြင်လျက်ရှိရာ စက်တင်ဘာ ၂၂ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေဦး (ထိန်းသိမ်းရေး) ဦးဆောင်သောအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၅ ကျောင်း၌ မေ ၆ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့သော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းများနှင့်အတူ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ဘားအံ၊ပုသိမ်) တို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖြစ်သည့် ညှော့ကြို၊ အိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှု သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပုသိမ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်း၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။



အလားတူ အဆင့်မြင့်စက်ချုပ် သင်တန်းဆင်းပွဲများကို ဘားအံမြို့ သင်တန်းကျောင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး **(အပေါ်ယာပုံ)**၊ မုဒုံမြို့ သင်တန်းကျောင်း၌ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်း၌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ လဟယ်မြို့ သင်တန်းကျောင်း၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်း၌ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်၊ ကွန်ဟိန်းမြို့ သင်တန်းကျောင်း၌ အခြေချစစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ကိုနိုင်တို့ တက်ရောက်ခဲ့ကြပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ တိုင်းရင်းသားအမျိုးသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများအား စရိတ်ငြိမ်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးခြင်း၊ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျရောင်းချပေးပြီး ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ပေးခြင်း၊ သင်တန်းထူးချွန်ရရှိသူများအား အပ်ချုပ်စက်တစ်စုံစီ ဆုချီးမြှင့်ပေးခြင်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပြီးသူများကိုလည်း ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၅ ကျောင်းတွင်၂၀၂၄ ခုနှစ် မေ ၆ ရက် မှ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်အထိ ရက်သတ္တ ၂၀ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့သော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၄၆၅ ဦး တက်ရောက်ကြပြီး ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်း နှစ်ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းကျောင်းများ စတင်ဖွင့်လှစ်ချိန်မှ ယခုသင်တန်းအထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၆၈၄၁ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့်ပျက်စီးမှုအား ပြန်လည်တည်ထောင်ရေးလုပ်ငန်းများနှင့် စာသင်ကျောင်းများအတွင်းတင်ကျန်နေသော နုန်းများဖယ်ရှားနေမှုကြည့်ရှု

**တပ်ကုန်း စက်တင်ဘာ ၂၇**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ခရိုင်ပညာရေးမှူး ဒေါက်တာမာမာဇင်၊ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးညီညီထွေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အဆုံ (ဇီကုန်း) ကျေးရွာအနီး၊ တိုင်အမှတ် ၃၀၃/၃၀၅၊ မဟာဓာတ်အားလိုင်း ၂၃၀ KV ဓာတ်အားလိုင်း ပြန်လည်တည်ထောင်နေမှုကို ကြည့်ရှု၍ ရပ်ကွက်၊ ကျေးရွာများတွင် ပုံမှန်အတိုင်း လျှပ်စစ်မီးရရှိရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် အဆုံ(ဇီကုန်း)ကျေးရွာနှင့် ရှောက်ကုန်းကျေးရွာ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြား၍ ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပြီး စာသင်ခန်းများ၊ ကျောင်းအိမ်သာများနှင့် ကျောင်းဝင်းအတွင်း ပိုမိုသန့်ရှင်းအောင် ရပ်ရွာပြည်သူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် နိုင်ငံတော်က ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့သည့် သေဆုံးသူ ၁၀၀ အတွက် တစ်ဦးလျှင် ငါးသိန်းနှုန်း၊ စုစုပေါင်းငွေကျပ်သိန်း ၅၀၀၊ နေပြည်တော်ကောင်စီမှ ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့သည့် သေဆုံးသူ ၁၀၀ အတွက် တစ်ဦးလျှင် နှစ်သိန်းနှုန်း စုစုပေါင်းငွေကျပ်သိန်း ၂၀၀ တို့ကို သက်ဆိုင်ရာမိသားစုဝင် လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ကုလားပဲ၊ ဆီ၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ပြီးနောက် အနော်ရထာရပ်ကွက်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှု၍ သန့်ရှင်းရေး ဆောင်ရွက်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် မကျီးပင်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအိမ်ထောင်စုများအတွက် သောက်သုံးရေလုံလောက်စွာရရှိရေး လက်နှိပ်တွင်းနှင့် စက်တွင်းများ လေမှုတ်သန့်စင်ပေးနေမှု ညောင်ကိုင်းကျေးရွာ အဝင်လမ်းတွင် ကျေးလက်လမ်းဦးစီးဌာနမှ စက်ယန္တရားဖြင့် ရေဆိုးထုတ်မြောင်းနှင့် လမ်းများပြန်လည်ပြုပြင်ပေးနေမှု၊ ညောင်ကိုင်းကျေးရွာ၊ ရွှေးစု (မ) ကျေးရွာအခြေခံပညာကျောင်းများ စာသင်ကြားနေမှုများကိုကြည့်ရှုပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား ရှင်းလင်းမှာကြားသည်။ ယင်းနောက် ဖောင်းတောကျေးရွာအဝင် ညောင်ကိုင်းချောင်းဖြတ်ကူးတံတားချဉ်းကပ်လမ်း ပျက်စီးမှုများကို ယာယီသွားလာနိုင်ရေး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်နေမှု၊ တပ်ကုန်း-ပင်လောင်း ကားလမ်း၊ ၃မိုင် ၁ ဖာလုံတွင် ရွှေကြက်တောင်ချောင်း ရေလျှံပြီး ကားလမ်းရေကျော်ခြင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် သဲတာပေါင်ကာရံထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# ONE Friday Fights 81 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးနှင့် သန့်ဇင် ရှုံးပွဲကြုံတွေ့

**ရန်ကုန် စက်တင်ဘာ ၂၇**

ONE Friday Fights 81 ပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်က ထိုင်းနိုင်ငံဘန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာများဖြစ်သည့် စိုးလင်းဦးနှင့် သန့်ဇင်တို့ ရှုံးနိမ့်ခဲ့သည်။ မြန်မာဖိုက်တာများအနေဖြင့် ၎င်းတို့ထက် အတွေ့အကြုံနှင့် အရပ်အမောင်းမြင့်မားသည့် ကစားသမားများနှင့် ထိုးသတ်ရသောကြောင့် အကောင်းဆုံးကြိုးစားသော်လည်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ သန့်ဇင်သည် ကမ္ဘာ့ကစ်ဘောင်ဆင်ချန်ပီယံကို ကစ်ဘောင်ဆင်စည်းမျဉ်းဖြင့် ထိုးသတ်ရာတွင် အရေးနိမ့်ခဲ့ရသော်လည်း ပထမအချီတွင် အမှတ်စဉ်ရေတွက်ခံရအောင် ထိုးသတ်နိုင်ခဲ့သည်။ စိုးလင်းဦးမှာမူ အကောင်းဆုံးကြိုးစားသော်လည်း အရပ်အမောင်းကွာဟချက်ကြောင့် ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ အမှတ်ဖြင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာဖိုက်တာ သန့်ဇင်သည် ပထမအချီတွင် ပြိုင်ဘက်တာခဲရုကို အကောင်းဆုံးတုံ့ပြန်နိုင်ပြီး ၂ မိနစ် စက္ကန့် ၃၀ တွင် ဘယ်ဝိုက်လက်သီးကြောင့် တာခဲရု အမှတ်စဉ်ရေတွက်ခံရသည်။ ပထမအချီတွင် ပြိုင်ဘက်အခြေအနေကို စောင့်ကြည့်နေသည့် တာခဲရုသည် ဒုတိယအချီတွင် တိုက်စစ်ဖွင့်လာပြီး သန့်ဇင်ကို ဖိအားပေးထိုးသတ်ခဲ့သည်။ သန့်ဇင်အနေဖြင့် တာခဲရု၏ ဖိအားပေးမှုကို မခံနိုင်သည့်အပြင် ဝမ်းဗိုက်ကိုထိမိသဖြင့် အမှတ်စဉ်ရေတွက်ခံခဲ့ရသည်။ ဒုတိယအချီ ၂ မိနစ် ၄၇ စက္ကန့်တွင် တာခဲရုက သန့်ဇင်ကို အလဲထိုးအနိုင်ရခဲ့သည်။ သန့်ဇင်သည် ONE နှင့် လက်တွဲအပြီး တတိယမြောက်ပွဲ ထိုးသတ်ရာတွင် ပထမဆုံးအရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

စိုးလင်းဦးသည် ထိုင်း/အယ်လ်ဂျီးရီးယားဖိုက်တာ နာဘေးလ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ပထမအချီတွင် နာဘေးလ်က တောက်လျှောက်တိုက်စစ်ဖွင့်ထိုးခဲ့ပြီး အရပ်အမောင်းသာသလို ခြေတံလက်တံရှည်သဖြင့် အားသာချက်ဖြစ်ခဲ့သည်။ အထူးသဖြင့် ဒူးတိုက်ချက်များကို အဓိကအားပြုတိုက်ခိုက်ခဲ့သည်။ အရပ်အမောင်း ကွာဟမှုကြောင့် စိုးလင်းဦးအနေဖြင့် ဒုတိယအချီတွင်လည်း ထူးထူးခြားခြားလုပ်မပြနိုင်ဘဲ နာဘေးလ်၏ ခြေကန်ချက်နှင့် ဒူးတိုက်ချက်ကိုသာ ကာကွယ်နေရသည်။ တတိယအချီတွင်လည်း နာဘေးလ်က ပွဲကိုထိန်းကစားသွားပြီး စိုးလင်းဦး တိုက်ကွက်မထွက်လာစေရန် အားပြုကစားခဲ့သည်။ စိုးလင်းဦးအနေဖြင့် အမှတ်ရနိုင်သည့် ထိုးကွက်များနည်းခဲ့သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် နာဘေးလ် အနိုင်ရခဲ့ခြင်းဖြစ်သည်။



သန့်ဇင်နှင့် တာခဲရု ယှဉ်ပြိုင်ထိုးသတ်စဉ်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ONE Championship**

# လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ် ရှီဂဲရု အီရှီဘာ ရွေးချယ်ခံရပြီး ဂျပန်နိုင်ငံ၏ နောက်လာမည့် ဝန်ကြီးချုပ် ဖြစ်လာဖွယ်ရှိ

တိုကျို စက်တင်ဘာ ၂၇

**ဂျပန်နိုင်ငံ၏ အဓိကအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်အဖြစ် ရှီဂဲရု အီရှီဘာကို ရွေးချယ်တင်မြှောက်လိုက်ပြီဖြစ်သည်။ ပါတီအထွေထွေအတွင်းရေးမှူးဟောင်းလည်းဖြစ်သူ အီရှီဘာသည် နောက်လာမည့် ဝန်ကြီးချုပ်ဖြစ်လာရန် ယခုအခါ သေချာသလောက်ရှိနေပြီဖြစ်သည်။**




လစ်ဘရယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်အဖြစ် ရွေးချယ်ခံရသည့် ရှီဂဲရု အီရှီဘာ။

ဂျပန်နိုင်ငံကို အားလုံးငြိမ်းချမ်းပျော်ရွှင်စွာနေထိုင်နိုင်ပြီး လုံခြုံမှုရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်း အီရှီဘာက ပြောသည်။

အသက် ၆၇ နှစ်အရွယ် အီရှီဘာသည် ၁၉၈၆ ခုနှစ်က အောက်လွှတ်တော်တွင် ပထမဆုံး ရွေးကောက်ခံခဲ့ရသည်။ ထိုအချိန်က အသက် ၂၉ နှစ်အရွယ်သာရှိသေးသည့် ၎င်းသည် အသက်အငယ်ဆုံး အောက်လွှတ်တော်အဖွဲ့ဝင် တစ်ဦးဖြစ်လာခဲ့သည်။

အီရှီဘာက စီးပွားရေးလုံခြုံရေး ဝန်ကြီး တာကာအိချိ ဆာနာအဲကို ၁၉၄ မဲ - ၂၁၅ မဲဖြင့် အနိုင်ရရှိသည်။ ၎င်းသည် ပါတီခေါင်းဆောင်ဖြစ်လာရန် ပဉ္စမအကြိမ်မြောက် နောက်ဆုံးကြိုးပမ်းမှုဟုလည်း ဆိုခဲ့သည်။

အီရှီဘာသည် အစိုးရအဖွဲ့သို့ ကာကွယ်ရေး အေဂျင်စီ အကြီးအကဲအဖြစ် ၂၀၀၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့သည်။ ထို့နောက် ကာကွယ်ရေးဝန်ကြီးအပြင် စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီတွင်လည်း အမှုဆောင်ရာထူးများကို ထမ်းဆောင်ခဲ့ဖူးသည်။ ၎င်းကို အမျိုးသားလုံခြုံရေးမူဝါဒ ကျွမ်းကျင်သူအဖြစ် လူသိများသည်။ အီရှီဘာသည် တိုက်လေယာဉ်များနှင့် တပ်မတော်ရေယာဉ်များ၏ ပလတ်စတစ် မော်ဒယ်များ တည်ဆောက်ခြင်းကို နှစ်သက်သူ တစ်ဦး ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နယူးယောက်မြို့တော်ဝန် အဲရစ် အဒမ် လာဘ်ယူမှုနှင့် လိမ်လည်မှုတို့ဖြင့် တရားစွဲခံရ

**နယူးယောက် စက်တင်ဘာ ၂၇**

နယူးယောက်မြို့တော်ဝန် အဲရစ်အဒမ်သည် လာဘ်ယူမှု၊လိမ်လည်မှုနှင့် နိုင်ငံခြားသားများထံမှ တရားမဝင် မဲဆွယ်စည်းရုံးရေးအလှူငွေများ ယူဆောင်မှုတို့ဖြင့် စွဲချက်တင်ခံထားရသည်။ အဒမ်သည် လိမ်လည်မှုအတွက် ပူးပေါင်းကြံစည်မှုအပါအဝင် ရာဇဝတ်မှုငါးခုဖြင့် တရားစွဲဆိုခံထားရသည်။ ၎င်းသည် လက်ရှိ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရသည့် ပထမဆုံး နယူးယောက်မြို့တော်ဝန်ဖြစ်သည်။

သံတမန် အဆောက်အအုံသစ် ဆောက်လုပ်ရာတွင် လက်ဆောင်ပစ္စည်းများ ရယူပြီး တူကီယဲအရာရှိများကို မီးဘေးအန္တရာယ်စစ်ဆေးခြင်းကို ကျော်လွှားပေးခဲ့သည်ဟု အေးဂျင့်များက ပြောသည်။



အဲရစ်အဒမ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

အေးဂျင့်များသည် မက်ဟန်တန်ရှိ မြို့တော်ဝန်၏နေအိမ်ကို စစ်ဆေးခဲ့ကြသည်။ တရားမဝင်ဟုသိထားသော်လည်း အလှူရှင်များထံမှ အလှူငွေများ လက်ခံခဲ့သည်ဟု နယူးယောက်မြို့ တောင်ပိုင်းခရိုင် အမေရိကန်ရှေ့နေ ဒါမိန်းဝီလီယံက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ မြို့တော်ကောင်းကျိုးအတွက် ရာထူးမှ နုတ်ထွက်ရန် အဒမ်ကို ဒီမိုကရက်တစ်အမတ်များက တိုက်တွန်းနေကြသည်။

စက်တင်ဘာ ၂၆ ရက်က စွဲချက်တင်ခံရပြီးနောက် အဒမ်သည် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ၈ ဒသမ ၃ သန်းသော နယူးယောက်မြို့သားများအတွက် အလုပ်လုပ်ကိုင်သွားမည်ဖြစ်ပြီး ယင်းအတွက်ကြောင့်လည်း ၎င်းရွေးကောက်ခံရခြင်းဖြစ်သည်ဟု ပြောသည်။ အဒမ်သည် နယူးယောက်ရဲဌာန၌ ၂၂ နှစ်ကြာ အလုပ်လုပ်ကိုင်ခဲ့ပြီး နိုင်ငံရေးလောကအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ လာမည့်ရွေးကောက်ပွဲတွင် ပြန်လည်ရွေးကောက်ခံရန်လည်း စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# တိုင်ဖွန်းမုန်တိုင်းဒဏ်သင့် ဗီယက်နမ်နိုင်ငံ ပြန်လည်ထူထောင်ရေး အေဒီဘီက ဒေါ်လာနှစ်သန်းပံ့ပိုးမည်

**မနီလာ စက်တင်ဘာ ၂၇**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသရှိ တိုင်ဖွန်းရာဂီဒဏ်သင့်ဒုက္ခသည်များအတွက် အရေးပေါ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးရန် အမေရိကန် ဒေါ်လာ နှစ်သန်း ထောက်ပံ့မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) က စက်တင်ဘာ ၂၇ ရက်တွင် ထုတ်ပြန်သည်။

ဆယ်စုနှစ်များအတွင်း အပြင်းထန်ဆုံး တိုင်ဖွန်းမုန်တိုင်းရာဂီသည် စက်တင်ဘာ ၇ ရက်က ဗီယက်နမ်နိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းမှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည်။ စက်တင်ဘာ ၂၄ ရက်အထိ ၃၃၇ ဦး သေကျေပျောက်ဆုံးနေကြောင်းနှင့်အခြား ၁၉၃၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်သဘာဝဘေးနှင့် ဆည်တာတမံများ စီမံခန့်ခွဲမှုအာဏာပိုင်က ထုတ်ပြန်ထားသည်။

တိုင်ဖွန်းမုန်တိုင်းနှင့် နောက်ဆက်တွဲ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ပြည်နယ် ၂၆ ခုတွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဒေသများတွင် လူပေါင်း ၃၇ သန်းခန့် နေထိုင်လျက်ရှိသည်။ ဗီယက်နမ်မြောက်ပိုင်းတွင် ကနဦးစီးပွားရေးဆုံးရှုံးမှု ပမာဏမှာ ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့် ရှိသည်။

အေဒီဘီ၏ အာရှ - ပစိဖိတ်ဒေသ သဘာဝဘေးတုံ့ပြန်ရေးရန်ပုံငွေမှ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံရသော ဖွံ့ဖြိုးဆဲအဖွဲ့ဝင်နိုင်ငံများကို ပံ့ပိုးကူညီရန်အတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အိုလံပစ်နှင့် မသန်စွမ်း အားကစားပြိုင်ပွဲများအတွက် စပွန်ဆာပေးမှုကို ဒီဇင်ဘာတွင် တိုယိုတာ အဆုံးသတ်မည်

**တိုကျို စက်တင်ဘာ ၂၇**

အိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွက် စပွန်ဆာပေးမှု သဘောတူစာချုပ်ကို အဆုံးသတ်တော့မည်ဟု တိုယိုတာကားကုမ္ပဏီက ပြောသည်။ နိုင်ငံတကာအိုလံပစ်ကော်မတီနှင့် ထိပ်တန်းအဆင့် စာချုပ်သည် ယခုနှစ်ကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး နောက်ထပ် သက်တမ်းတိုးတော့မည်မဟုတ်ဟု ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီက ပြောသည်။

ကုမ္ပဏီ၏ သတင်းချန်နယ်မှတစ်ဆင့် ဥက္ကဋ္ဌ တိုယိုဒါ အကီအိုက ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ တိုယိုတာကားကုမ္ပဏီသည် ၂၀၁၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီနှင့် စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီချက်မှာ လုပ်ငန်းတစ်ခုလျှင် ကုမ္ပဏီတစ်ခုအတွက်သာ ဖြစ်သည်။ တိုယိုတာသည် ၎င်း၏ ထုတ်ကုန်များနှင့် ကြော်ငြာများတွင် အိုလံပစ်သင်္ကေတကို အသုံးပြုလာသည်။ ၎င်းသည် အားကစားသမားများ သယ်ယူပို့ဆောင်ရန် မော်တော်ယာဉ်များ ထောက်ပံ့ပေးထားပြီး အခြားသောအားကစားပွဲနှင့် ဆက်စပ်သည့် လုပ်ဆောင်မှုများအတွက်လည်း ထောက်ပံ့ပေးထားသည်။ အားကစားသမားတစ်ဦးချင်းစီအတွက် ထောက်ပံ့ပေးရန်နှင့် မသန်စွမ်းအားကစားပစ္စည်းများ ထုတ်လုပ်ရာတွင် ကူညီပေးသွားရန် အစီအစဉ်ရှိသည်ဟု ကုမ္ပဏီဘက်က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ ရွှေတွင်းမြေပြိုမှုကြောင့် ၁၅ ဦး သေဆုံးပြီး ၂၅ ဦး ပျောက်ဆုံး

ဂျကာတာ စက်တင်ဘာ ၂၇



အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အနောက်ဆူမားတြား ပြည်နယ်တွင် စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက တရားမဝင် ရွှေတွင်းတစ်ခုတွင် မြေပြိုမှု ဖြစ်ပွားရာ အလုပ်သမား ၁၅ ဦးထက်မနည်း သေဆုံးပြီး ၂၅ ဦး ပျောက်ဆုံးနေကြောင်း ဒေသတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးအေဂျင်စီက စက်တင်ဘာ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မြေပြိုမှုမှာ ဆိုလုခ်ခရိုင်ရှိ နာဂါရီ ဆွန်ဂိုင်အာဘူတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သဘာဝဘေးကြောင့် တွင်းလုပ်သား ၁၅ ဦး သေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိကာ ၂၅ ဦး ပျောက်ဆုံးနေကြောင်း၊ ကယ်ဆယ်ရေးသမားများက စက်ယန္တရားကြီးများဖြင့် ဒုက္ခသည်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရန် လုပ်ဆောင်နေကြောင်း ဆိုလုခ်သဘာဝဘေး လျော့ပါးရေးအေဂျင်စီ အကြီးအကဲ အာဝမ်အီဖန်ဒီက ဒေသတွင်း မီဒီယာသို့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ တစ်ဝန်းလိုင်စင်မဲ့သတ္တုတွင်းပြိုကျမှုများ အဖြစ်များပြီး လွန်ခဲ့သည့်နှစ်များအတွင်းကလည်း မတော်တဆမှု အများအပြား ဖြစ်ပွားခဲ့သည်။ ဇူလိုင်လကလည်း အရှေ့ဘက်ပိုင်း ဂိုရွန်တာလို ပြည်နယ်ရှိ လိုင်စင်မဲ့ ရွှေတွင်း တစ်ခုတွင် မြေပြိုမှု ဖြစ်ပွားရာ လူ ၂၀ ကျော် သေဆုံးပြီး ၁၀ ဦးကျော် ပျောက်ဆုံးနေဆဲ ဖြစ်သည်။

**ဆင်ဟွာ**

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့်နေရာများတွင် လိုအပ်သည့်သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၇**
နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်**

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်မြို့တွင် လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်



နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

**တာဝန်ရှိသူများက ကြည့်ရှုအားပေး**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများ၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိ**

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည် ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် စက်တင်ဘာ ၂၇**
၂၀၂၅ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၅ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ လူသစ်တန်း ၇၅ ကီလိုအောက်၊ ၄၈ ကီလိုအောက်၊ ၈၄ ကီလိုအထက် ကုမိတဲ့ပြိုင်ပွဲ၊ အကြီးတန်း ၅၅ ကီလိုအောက်၊ ၆၀ ကီလိုအောက်၊ ၆၇ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲကိုလည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြေး၊ ခုန်၊ ပစ်ပြိုင်ပွဲမှ အမျိုးသား/အမျိုးသမီး မီတာ ၁၀၀၀ ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ၇ မျိုးစုံ မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ ပြေးပြိုင်ပွဲ လူရွေးပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ၇ မျိုးစုံ တန်းမြင့်ခုန်ပြိုင်ပွဲ ဗိုလ်လုပွဲ၊ အမျိုးသမီး ၇ မျိုးစုံ သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများကိုလည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသား/ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း**(ယာပုံ)**၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဗန်တို အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ



(က)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ (က) တန်း၊ အမျိုးသား ဓားတစ်လက် အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲများကို လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက် ၅၁ ကီလို က အဆင့်၊ ၅၇ ကီလို က အဆင့်၊ ၅၄ ကီလို ၆၇ ကီလို ၇၅ ကီလို အလွတ်တန်းပြိုင်ပွဲ၊ အကြို ဗိုလ်လုပွဲ ပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (ခ)အဆင့် ဘောလုံးပြိုင်ပွဲအဖြစ် ညနေပိုင်းတွင် လေ့ကျင့်ရေးကွင်း (၁)၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်းကို ၈ ဂိုး-၁ ဂိုးဖြင့် လည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ၃ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၇**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Aye Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့ပြင်ရပ်ကွက်နေ အေးအေးအောင်အား ညနေ ၄ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ "@User 757310181280" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ အောင်မြင့်သူ(ခ) အောင်မြတ်သူအား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ နေပြည်တော်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ်ခံယူပြီး ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သက်ဆိုင်ရာကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးအောင်ခိုင်ဆွေက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးနှင့် ပတ်သက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေများကို လည်းကောင်း၊ တက်ရောက်လာကြသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြဝတီခရိုင်၌ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်း

**မြဝတီ စက်တင်ဘာ ၂၇**

မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ကရင်ပြည်နယ် မြဝတီမြို့ City Home ခန်းမ၌ ကျင်းပရာ မြဝတီခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်စာရင်းစစ်၊ စာရင်းကောက်ခန့်အပ်လွှာများ ပေးအပ်သည်။

မြဝတီမြို့နယ်သည် ရပ်ကွက်ကိုးခုနှင့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကောက်ကွက်ပေါင်း ၁၅၈ ကွက်တို့၌ စာရင်းစစ် ၂၄ ဦး၊ စာရင်းကောက် ၆၁ ဦးတို့က စာရင်းကောက်ယူသွားမည်ဖြစ်သည်။ **ဇာဖြူဝင်း(မြဝတီ)**



## ကယားပြည်နယ်ဝန်ကြီးချုပ် ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**လွိုင်ကော် စက်တင်ဘာ ၂၇**

လွိုင်ကော်မြို့နယ်အတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံဖြစ်ပွားမှုများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ထောက်ပံ့ကူညီမှုများပေးခြင်း၊ ရေဘေးသင့် ဘုန်းတော်ကြီး ကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ထင်း၊ မီးသွေး၊ လောင်စာဆီများ ဆက်ကပ်လှူဒါန်းခြင်းများကို စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း လာရောက်ကူညီလှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ဓမ္မပါလ စုပေါင်းဓမ္မာရုံသို့ရောက်ရှိပြီး မင်းစု၊ ဓမ္မာရုံ၊ နမ့်ကွတ် ရပ်ကွက်များမှ ရေဘေးသင့် ပြည်သူ အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၃၃၀ တို့အတွက် ဆန်၊ ဆီ၊ အဝတ်အထည်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး မင်္ဂလာ၊ နမ့်ကွတ်၊ ဒေါနိုးကူး ရပ်ကွက်နှင့် မှုံပြာကျေးရွာမှ ရေဘေးသင့် အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၅၄ ဦးအား ဆန်၊ ဆီ၊ အဝတ်အထည်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ပုဗ္ဗာရုံပရိယတ္တိ စာသင်တိုက်ရှိ ဆရာတော် သံဃာတော်များအတွက် ဆန်ငါးအိတ်နှင့် ဆီ ၁၀ ပိဿာ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding–SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism–NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့်အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က ခုတင်(၂၀၀)ဆံ့ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းရာ အမှတ်(၆) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ယာယီရဲမှူးကြီး ဝင်းမြင့်ထွန်းနှင့် အမှတ် (၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးမြင့် ကြည့်ရှုအားပေးစဉ်။ တင်ထွန်းဦး (ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၂၇.၉.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံ အမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၇.၉.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၉၈၀၁ | ၆၂၇.၄၂ | ၅၆၆၆၇၄ | ၁၈၂၈၃ (လျှပ်စစ်) ထုတ်ရေ) | - | - | ၄.၀၃ | ၁၁၂၂၆ | ၀.၁၁ | ၆၂၇.၆၅ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၄.၂၀ | ၂၅၆၂၂ | ၂၆၁ | ၁၀.၈၀ | ၁၀၈၇၈ | - | - | - | ၆၂၄.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၈.၈၅ | ၈၈၆၃၁ | - | ၁.၁၅ | ၃၁၃၉ | - | - | - | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၆၀ | ၁၁၁၇၃ | ၄ | ၁.၄၀ | ၁၀၈၄ | - | - | - | ၅၁၀.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၉၁ | ၄၃၇.၁၅ | ၆၇၄၅၀ | ၂၅ | ၁.၈၅ | ၅၅၅၀ | - | - | - | ၄၃၇.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၇ | ၅၃၅.၂၀ | ၇၅၅၇၅ | - | - | - | ၀.၂၀ | ၂၇၈ | - | ၅၃၅.၄၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၆၅ | ၇၉၅၆ | - | ၁.၃၅ | ၇၆၂ | - | - | - | ၄၁၆.၆၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၂.၇၅ | ၁၀၃၃၀၉ | ၂ | ၇.၂၅ | ၃၉၇၈၁ | - | - | - | ၇၀၂.၇၅ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၁ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | - | ၆၀၂.၀၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၇ | ၈၆၄.၉၀ | ၁၀၉၂၄ | - | ၅.၁၀ | ၃၆၇၆ | - | - | - | ၈၆၅.၀၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (၂၇.၉.၂၀၂၄)ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများ၏အခြေအနေ

| စဉ် | ရေလှောင်တမံ/ ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် ရေမှတ် (ပေ) | တမံထိပ် ပြင်မြင့် အမှတ် (ပေ) | (၂၆.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၂၇.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက် နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော် အမြင့် (ပေ) | တမံ ထိပ် ရောက်ရှိ ရန်လို (ပေ) | အမြင့်ဆုံး ရောက်ရှိ ခဲ့သည့် ရေမှတ် (ပေ) | အမြင့်ဆုံး ရေကျော် ခဲ့သည့် အမြင့် (ပေ) | အမြင့်ဆုံး ရေမှတ် ရောက်ရှိ ခဲ့သည့် ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | | | | | | |
| ၁ | ရေဘုတ် | ဘားအံ/လှိုင်းဘွဲ့ | ၆၃.၀၀ | ၇၁.၀၀ | ၆၃.၈၀ | ၆၃.၇၀ | -၀.၁၀ | ၀.၇၀ | ၇.၃၀ | ၆၉.၆၀ | ၆.၆၀ | ၂၉.၇.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ချင်းပြည်နယ်** | | | | | | | | | | | |
| ၂ | လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၈၄.၅၀ | ၆၂၉၀.၀၀ | ၆၂၈၅.၀၀ | ၆၂၈၅.၀၀ | ၀.၀၀ | ၀.၅၀ | ၅.၀၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |
| ၃ | အောက်လိုင်ဗား | ဖလမ်း/ဖလမ်း | ၆၂၀၀.၇၅ | ၆၂၁၀.၀၀ | ၆၂၀၀.၈၅ | ၆၂၀၀.၈၅ | ၀.၀၀ | ၀.၁၀ | ၉.၁၅ | ၆၂၀၁.၉၅ | ၁.၂၀ | ၅.၇.၂၀၂၀ | ။ |
| ၄ | သီကီရ် | ဟားခါး/ထန်တလန် | ၅၀၀၀.၀၀ | ၅၀၁၀.၀၀ | ၅၀၀၀.၃၅ | ၅၀၀၀.၃၅ | ၀.၀၀ | ၀.၃၅ | ၉.၆၅ | - | - | - | ။ |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | | | | | | |
| ၅ | မြောက်ယမား | ပုလဲ/ပုလဲ | ၄၈၇.၀၀ | ၄၉၈.၀၀ | ၄၈၇.၅၀ | ၄၈၉.၀၀ | ၁.၅၀ | ၂.၀၀ | ၉.၀၀ | ၄၉၄.၂၀ | ၇.၂၀ | ၂၀.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၆ | ရာဇဖြိုဟ် | ကလေး/ကလေး | ၆၄၀.၅၀ | ၆၆၀.၀၀ | ၆၄၂.၂၀ | ၆၄၂.၅၀ | ၀.၃၀ | ၂.၀၀ | ၁၇.၅၀ | ၆၅၃.၆၀ | ၁၃.၆၀ | ၃၁.၇.၂၀၁၅ | ။ |
| | | **ပဲခူးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၇ | ရေသိုး | တောင်ငူ/အုတ်တွင်း | ၂၂၀.၀၀ | ၂၃၀.၀၀ | ၂၂၀.၅၀ | ၂၂၀.၄၀ | -၀.၁၀ | ၀.၄၀ | ၉.၆၀ | ၂၂၃.၉၀ | ၃.၉၀ | ၇.၁၀.၂၀၀၈ | စိုးရိမ်ရန်မရှိပါ။ |
| ၈ | မင်းရဲ | တောင်ငူ/အုတ်တွင်း | ၂၀၅.၀၀ | ၂၁၅.၀၀ | ၂၀၅.၁၀ | ၂၀၅.၁၀ | ၀.၀၀ | ၀.၁၀ | ၉.၉၀ | ၂၁၁.၅၀ | ၆.၅၀ | ၃.၈.၂၀၂၀ | ။ |
| ၉ | ငမြွေ | တောင်ငူ/ဖြူး | ၂၃၃.၀၀ | ၂၄၂.၀၀ | ၂၃၃.၃၀ | ၂၃၃.၃၀ | ၀.၀၀ | ၀.၃၀ | ၈.၇၀ | ၂၃၆.၂၀ | ၃.၂၀ | ၁၃.၁၁.၂၀၀၁ | ။ |
| ၁၀ | ဘောနီ | ညောင်လေးပင်/ဒိုက်ဦး | ၁၇၅.၀၀ | ၁၈၇.၀၀ | ၁၇၅.၂၀ | ၁၇၅.၂၀ | ၀.၀၀ | ၀.၂၀ | ၁၁.၈၀ | ၁၇၉.၃၀ | ၄.၃၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၁ | ပျဉ်ပုံကြီး | ညောင်လေးပင်/ဒိုက်ဦး | ၁၅၆.၀၀ | ၁၆၄.၀၀ | ၁၅၆.၇၀ | ၁၅၆.၆၀ | -၀.၁၀ | ၀.၆၀ | ၇.၄၀ | ၁၆၀.၂၀ | ၄.၂၀ | ၈.၁၀.၂၀၂၃ | ။ |
| ၁၂ | ရွှေပြည်(၃) | ပဲခူး/ပဲခူး | ၇၀.၀၀ | ၈၀.၀၀ | ၇၀.၃၀ | ၇၀.၁၀ | -၀.၂၀ | ၀.၁၀ | ၉.၉၀ | ၇၂.၀၀ | ၂.၀၀ | ၁၃.၈.၂၀၀၄ | ။ |
| ၁၃ | တောင်နဝင်းရေထိန်း | ပြည်/ပေါက်ခေါင်း | ၂၀၁.၄၅ | ၂၂၁.၁၄ | ၂၀၂.၉၃ | ၂၀၂.၉၃ | ၀.၀၀ | ၁.၄၈ | ၁၈.၂၁ | ၂၀၅.၅၅ | ၄.၁၀ | ၁.၉.၂၀၁၉ | ။ |
| ၁၄ | ကန်ကြီးကုန်း | ပြည်/ပြည် | ၃၀၀.၀၀ | ၃၁၀.၀၀ | ၃၀၀.၂၀ | ၃၀၀.၁၀ | -၀.၁၀ | ၀.၁၀ | ၉.၉၀ | ၃၀၂.၈၀ | ၂.၈၀ | ၉.၉.၂၀၀၂ | ။ |

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

| စဉ် | ရေလှောင်တမံ/ဆည်/ကန်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်ရေမှတ် (ပေ) | တမံထိပ်ပြင်မြင့်အမှတ် (ပေ) | (၂၆.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | (၂၇.၉.၂၀၂၄) နံနက် (၀၆:၀၀) နာရီ ရေမှတ် (ပေ) | ခြားနားချက်နှိုင်းယှဉ်ချက် + တိုး - လျော့ (ပေ) | ရေကျော်အမြင့် (ပေ) | တမံထိပ်ရောက်ရှိရန်လို (ပေ) | အမြင့်ဆုံးရောက်ရှိခဲ့သည့်ရေမှတ် (ပေ) | အမြင့်ဆုံးရေကျော်ခဲ့သည့်အမြင့် (ပေ) | အမြင့်ဆုံးရေမှတ်ရောက်ရှိခဲ့သည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၅ | ရွှေတောင် | ပြည်/ရွှေတောင် | ၁၉၃.၀၀ | ၂၀၃.၅၀ | ၁၉၄.၅၀ | ၁၉၄.၄၀ | -၀.၁၀ | ၁.၄၀ | ၉.၁၀ | ၁၉၅.၅၀ | ၂.၅၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၁၆ | ခဝါ | ပြည်/ပန်းတောင်း | ၂၃၀.၀၀ | ၂၄၀.၀၀ | ၂၃၁.၀၅ | ၂၃၀.၅၀ | -၀.၅၅ | ၀.၅၀ | ၉.၅၀ | ၂၃၉.၅၀ | ၉.၅၀ | ၁၁.၆.၂၀၁၂ | ။ |
| ၁၇ | တောင်ညို | နတ္တလင်း/နတ္တလင်း | ၂၅၅.၀၀ | ၂၇၀.၀၀ | ၂၅၈.၁၅ | ၂၅၈.၀၀ | -၀.၁၅ | ၃.၀၀ | ၁၂.၀၀ | ၂၅၈.၇၅ | ၃.၇၅ | ၂၂.၈.၂၀၀၆ | ။ |
| ၁၈ | ဘော်ဘင်(၂) | သာယာဝတီ/ဇီးကုန်း | ၂၆၅.၀၀ | ၂၈၀.၀၀ | ၂၆၆.၅၀ | ၂၆၆.၃၀ | -၀.၂၀ | ၁.၃၀ | ၁၃.၇၀ | ၂၆၈.၁၀ | ၃.၁၀ | ၄.၉.၂၀၁၄ | ။ |
| ၁၉ | သဲကော | သာယာဝတီ/လက်ပံတန်း | ၁၅၀.၀၀ | ၁၆၀.၀၀ | ၁၅၁.၉၀ | ၁၅၁.၇၅ | -၀.၁၅ | ၁.၇၅ | ၈.၂၅ | ၁၅၃.၁၅ | ၃.၁၅ | ၁၁.၉.၂၀၁၉ | ။ |
| ၂၀ | သုံးဆယ် | သာယာဝတီ/သာယာဝတီ | ၂၃၄.၀၀ | ၂၄၆.၀၀ | ၂၃၆.၆၅ | ၂၃၆.၅၀ | -၀.၁၅ | ၂.၅၀ | ၉.၅၀ | ၂၃၆.၀၀ | ၂.၀၀ | ၃၀.၉.၂၀၂၃ | ။ |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၂၁ | နတ်မောက် | မကွေး/နတ်မောက် | ၆၈၃.၀၀ | ၇၀၆.၅၀ | ၆၈၅.၇၀ | ၆၈၅.၀၀ | -၀.၇၀ | ၂.၀၀ | ၂၁.၅၀ | ၆၈၉.၅၀ | ၆.၅၀ | ၅.၁၀.၂၀၁၁ | စိုးရိမ်ရန်မရှိပါ။ |
| ၂၂ | ပုလင်း | မကွေး/မြို့သစ် | ၆၈၅.၀၀ | ၇၀၀.၀၀ | ၆၈၅.၇၀ | ၆၈၅.၄၀ | -၀.၃၀ | ၀.၄၀ | ၁၄.၆၀ | ၆၉၀.၆၀ | ၅.၆၀ | ၄.၁၀.၂၀၁၂ | ။ |
| ၂၃ | မြစ်သာ | ဂန့်ဂေါ/ဂန့်ဂေါ | ၁၀၁၀.၀၀ | ၁၀၃၀.၀၀ | ၁၀၁၃.၁၀ | ၁၀၁၂.၆၀ | -၀.၅၀ | ၂.၆၀ | ၁၇.၄၀ | ၁၀၁၇.၇၀ | ၇.၇၀ | ၁၈.၁၀.၂၀၁၂ | ။ |
| ၂၄ | ဝန်ချောင်း (ကဗ္ဗန်းမ) | ပခုက္ကူ/ဆိပ်ဖြူ | ၄၁၀.၀၀ | ၄၂၀.၀၀ | ၄၁၁.၀၀ | ၄၁၀.၇၀ | -၀.၃၀ | ၀.၇၀ | ၉.၃၀ | ၄၁၆.၀၀ | ၆.၀၀ | ၂၃.၁၀.၂၀၁၀ | ။ |
| ၂၅ | စလင်း | မင်းဘူး/စလင်း | ၇၆၀.၀၀ | ၇၈၀.၀၀ | ၇၆၂.၄၀ | ၇၆၁.၇၀ | -၀.၇၀ | ၁.၇၀ | ၁၈.၃၀ | ၇၇၃.၆၀ | ၁၃.၆၀ | ၂၀.၁၀.၂၀၁၁ | ။ |
| ၂၆ | မုန်းချောင်း | မင်းဘူး/စေတုတ္တရာ | ၅၂၀.၀၀ | ၅၆၀.၀၀ | ၅၂၇.၃၀ | ၅၂၆.၂၀ | -၁.၁၀ | ၆.၂၀ | ၃၃.၈၀ | ၅၅၅.၈၀ | ၃၅.၈၀ | ၃၁.၇.၂၀၁၅ | ။ |
| ၂၇ | မန်းချောင်း | မင်းဘူး/ငဖဲ | ၆၂၅.၀၀ | ၆၄၀.၀၀ | ၆၂၆.၅၀ | ၆၂၆.၂၀ | -၀.၃၀ | ၁.၂၀ | ၁၃.၈၀ | ၆၃၂.၈၀ | ၇.၈၀ | ၉.၈.၁၉၉၉ | ။ |
| ၂၈ | ရင်းရှည် | မင်းဘူး/ငဖဲ | ၆၀၂.၀၀ | ၆၁၀.၀၀ | ၆၀၂.၄၀ | ၆၀၂.၃၀ | -၀.၁၀ | ၀.၃၀ | ၇.၇၀ | ၆၀၉.၁၀ | ၇.၁၀ | ၁၄.၅.၂၀၂၃ | ။ |
| ၂၉ | ကြီးအုံကြီးဝ | မင်းဘူး/ပွင့်ဖြူ | ၃၄၀.၀၀ | ၃၈၀.၅၀ | ၃၄၈.၁၀ | ၃၄၇.၆၀ | -၀.၅၀ | ၇.၆၀ | ၃၂.၉၀ | ၃၇၃.၀၀ | ၃၃.၀၀ | ၃၁.၇.၂၀၁၅ | ။ |
| ၃၀ | ဘွက်ကြီး | သရက်/အောင်လံ | ၄၂၀.၀၀ | ၄၃၈.၀၀ | ၄၂၁.၂၀ | ၄၂၁.၁၀ | -၀.၁၀ | ၁.၁၀ | ၁၆.၉၀ | ၄၂၃.၈၀ | ၃.၈၀ | ၂၉.၁၀.၂၀၀၃ | ။ |
| ၃၁ | ပဒဲ | သရက်/အောင်လံ | ၄၉၅.၀၀ | ၅၀၈.၀၀ | ၄၉၅.၅၀ | ၄၉၅.၃၀ | -၀.၂၀ | ၀.၃၀ | ၁၂.၇၀ | ၄၉၈.၀၀ | ၃.၀၀ | ၂၉.၁၀.၂၀၀၃ | ။ |
| ၃၂ | မဒေး | သရက်/ကံမ | ၄၃၄.၀၀ | ၄၅၁.၀၀ | ၄၃၆.၇၀ | ၄၃၅.၄၀ | -၁.၃၀ | ၁.၄၀ | ၁၅.၆၀ | ၄၄၀.၅၀ | ၆.၅၀ | ၁၂.၁၀.၂၀၁၅ | ။ |
| | | **မန္တလေးတိုင်းဒေသကြီး** | | | | | | | | | | | |
| ၃၃ | သစ်ဆုံ | ရမည်းသင်း/ရမည်းသင်း | ၈၄၀.၀၀ | ၈၄၇.၅၀ | ၈၄၀.၂၀ | ၈၄၀.၂၀ | ၀.၀၀ | ၀.၂၀ | ၇.၃၀ | ၈၄၁.၀၀ | ၁.၀၀ | ၁၃.၁၀.၂၀၁၇ | စိုးရိမ်ရန်မရှိပါ။ |
| ၃၄ | လဲဖြူ | ရမည်းသင်း/ရမည်းသင်း | ၇၈၈.၀၀ | ၇၉၇.၀၀ | ၇၈၈.၃၀ | ၇၈၈.၂၀ | -၀.၁၀ | ၀.၂၀ | ၈.၈၀ | ၇၉၀.၇၀ | ၂.၇၀ | ၁၉.၉.၂၀၂၂ | တမံထိပ်ရေကျော်ခဲ့သော်လည်း ထိခိုက်မှုမရှိပါ။ |
| ၃၅ | ကျောက်တစ်လုံးရေကူ | မြင်းခြံ/တောင်သာ | ၇၂၂.၀၀ | ၇၃၅.၀၀ | ၇၂၂.၅၀ | ၇၂၂.၄၀ | -၀.၁၀ | ၀.၄၀ | ၁၂.၆၀ | ၇၂၆.၈၀ | ၄.၈၀ | ၁၅.၁၀.၂၀၁၀ | စိုးရိမ်ရန်မရှိပါ။ |
| ၃၆ | ကျောက်တစ်လုံး | မြင်းခြံ/တောင်သာ | ၆၄၅.၀၀ | ၆၅၈.၀၀ | ၆၄၅.၄၀ | ၆၄၅.၃၀ | -၀.၁၀ | ၀.၃၀ | ၁၂.၇၀ | ၆၄၆.၉၀ | ၁.၉၀ | ၂၄.၁၀.၂၀၁၀ | ။ |
| ၃၇ | ပင်းချောင်း | ညောင်ဦး/ကျောက်ပန်းတောင်း | ၇၉၀.၀၀ | ၈၀၃.၀၀ | ၇၉၀.၂၀ | ၇၉၀.၂၀ | ၀.၀၀ | ၀.၂၀ | ၁၂.၈၀ | ၇၉၂.၇၀ | ၂.၇၀ | ၂၂.၉.၂၀၀၂ | ။ |
| | | **နေပြည်တော်** | | | | | | | | | | | |
| ၃၈ | ပေါင်းလောင်း | ဥတ္တရ/ဇေယျာသီရိ | ၆၂၃.၃၉ | ၆၆၆.၀၄ | ၆၂၇.၆၅ | ၆၂၇.၄၂ | -၀.၂၃ | ၄.၀၃ | ၃၈.၆၂ | ၆၃၅.၂၆ | ၁၁.၈၇ | ၁၄.၉.၂၀၂၄ | စိုးရိမ်ရန်မရှိပါ။ |
| ၃၉ | လယ်ကိုက် | ဥတ္တရ/ဥတ္တရသီရိ | ၅၃၅.၀၀ | ၅၅၅.၀၀ | ၅၃၅.၄၀ | ၅၃၅.၂၀ | -၀.၂၀ | ၀.၂၀ | ၁၉.၈၀ | ၅၃၇.၅၅ | ၂.၅၅ | ၁၀.၉.၂၀၀၅ | ။ |
| | | **မွန်ပြည်နယ်** | | | | | | | | | | | |
| ၄၀ | ဝါးပါး | သထုံ/သထုံ | ၉၆.၀၀ | ၁၀၅.၅၀ | ၉၆.၂၅ | ၉၆.၃၀ | ၀.၀၅ | ၀.၃၀ | ၉.၂၀ | ၁၀၁.၇၅ | ၅.၇၅ | ၁၆.၈.၁၉၉၄ | စိုးရိမ်ရန်မရှိပါ။ |
| ၄၁ | ကဒိုင်း | သထုံ/ဘီးလင်း | ၅၈.၀၀ | ၆၈.၀၀ | ၅၈.၅၅ | ၅၈.၄၅ | -၀.၁၀ | ၀.၄၅ | ၉.၅၅ | ၆၃.၈၀ | ၅.၈၀ | ၁၄.၁၀.၂၀၀၇ | ။ |
| | | **ရခိုင်ပြည်နယ်** | | | | | | | | | | | |
| ၄၂ | ဟင်းရွက်ချောင်း | မြောက်ဦး/အမ်း | ၉၅.၀၀ | ၁၀၅.၀၀ | ၉၆.၄၀ | ၉၆.၄၀ | ၀.၀၀ | ၁.၄၀ | ၈.၆၀ | ၉၉.၂၀ | ၄.၂၀ | ၁၅.၆.၂၀၁၈ | စိုးရိမ်ရန်မရှိပါ။ |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၃ | မဟူရာ (ငမိုးရိပ်)ရေကူ | လှည်းကူး/လှည်းကူး | ၂၁၆.၀၀ | ၂၂၆.၀၀ | ၂၁၇.၈၅ | ၂၁၇.၅၅ | -၀.၃၀ | ၁.၅၅ | ၈.၄၅ | ၂၂၁.၄၀ | ၅.၄၀ | ၉.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| ၄၄ | ငမိုးရိပ် | လှည်းကူး/လှည်းကူး | ၁၀၇.၀၀ | ၁၂၀.၀၀ | ၁၀၉.၇၀ | ၁၀၉.၅၀ | -၀.၂၀ | ၂.၅၀ | ၁၀.၅၀ | ၁၁၃.၁၅ | ၆.၁၅ | ၉.၁၀.၂၀၂၃ | ။ |
| ၄၅ | တဘူးလှ | တိုက်ကြီး/တိုက်ကြီး | ၁၉၅.၀၀ | ၂၀၅.၀၀ | ၁၉၆.၇၀ | ၁၉၆.၆၀ | -၀.၁၀ | ၁.၆၀ | ၈.၄၀ | ၁၉၇.၇၀ | ၂.၇၀ | ၉.၁၀.၂၀၂၃ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၄၆ | ဇော်ဂျီ | တောင်ကြီး/ရပ်စောက် | ၂၁၂၅.၀၀ | ၂၁၄၀.၀၀ | ၂၁၂၆.၉၀ | ၂၁၂၆.၉၀ | ၀.၀၀ | ၁.၉၀ | ၁၃.၁၀ | ၂၁၂၉.၈၀ | ၄.၈၀ | ၁၂.၁၀.၂၀၀၆ | စိုးရိမ်ရန်မရှိပါ။ |
| ၄၇ | မြို့ကြီး | တောင်ကြီး/ရွာငံ | ၆၈၉.၀၀ | ၇၁၄.၀၀ | ၆၉၁.၅၀ | ၆၉၂.၇၀ | ၁.၂၀ | ၃.၇၀ | ၂၁.၃၀ | ၆၉၇.၁၀ | ၈.၁၀ | ၁၀.၉.၂၀၂၄ | ။ |
| | | **ရှမ်းပြည်နယ်(မြောက်ပိုင်း)** | | | | | | | | | | | |
| ၄၈ | မုံးရင် | ကျောက်မဲ/နမ္မတူ | ၁၉၇၅.၀၀ | ၁၉၈၉.၀၀ | ၁၉၇၅.၅၀ | ၁၉၇၅.၅၀ | ၀.၀၀ | ၀.၅၀ | ၁၃.၅၀ | ၁၉၇၉.၆၀ | ၄.၆၀ | ၁၃.၁၀.၂၀၂၃ | စိုးရိမ်ရန်မရှိပါ။ |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | | | | | | |
| ၄၉ | ကွန်ချောင်း | ဟင်္သာတ/ကြံခင်း | ၂၇၇.၀၀ | ၂၈၇.၀၀ | ၂၇၈.၅၀ | ၂၇၈.၀၀ | -၀.၅၀ | ၁.၀၀ | ၉.၀၀ | ၂၈၁.၂၀ | ၄.၂၀ | ၂၁.၈.၂၀၁၃ | စိုးရိမ်ရန်မရှိပါ။ |
| ၅၀ | မမြ | ဟင်္သာတ/မြန်အောင် | ၃၁၅.၀၀ | ၃၃၀.၀၀ | ၃၁၇.၁၀ | ၃၁၆.၇၀ | -၀.၄၀ | ၁.၇၀ | ၁၃.၃၀ | ၃၂၀.၅၀ | ၅.၅၀ | ၁၅.၆.၂၀၁၈ | ။ |
| ၅၁ | နန်ကသူ | ဟင်္သာတ/အင်္ဂပူ | ၂၆၀.၀၀ | ၂၇၅.၀၀ | ၂၆၂.၄၀ | ၂၆၂.၅၀ | ၀.၁၀ | ၂.၅၀ | ၁၂.၅၀ | ၂၇၀.၁၀ | ၁၀.၁၀ | ၉.၇.၂၀၀၆ | ။ |
| ၅၂ | ကညင် | ဟင်္သာတ/အင်္ဂပူ | ၂၈၈.၀၀ | ၃၀၈.၀၀ | ၂၉၁.၀၀ | ၂၉၀.၅၀ | -၀.၅၀ | ၂.၅၀ | ၁၇.၅၀ | ၂၉၈.၉၀ | ၁၀.၉၀ | ၁၁.၆.၂၀၁၈ | ။ |
| | | **ရှမ်းပြည်နယ်(တောင်ပိုင်း)** | | | | | | | | | | | |
| ၁ | အင်းလေးကန် | တောင်ကြီး/ညောင်ရွှေ | ၂၉၀၅.၀၀ | ၂၉၀၅.၀၀ | ၂၉၀၇.၂၀ | ၂၉၀၇.၂၀ | ၀.၀၀ | ၂.၂၀ | -၂.၂၀ | - | - | - | စိုးရိမ်ရန်မရှိပါ။ |

ရေကျော်ရေလှောင်တမံ (၅၂) ခုနှင့် ကန် (၁) ခု၊ စုစုပေါင်း (၅၃) ခု ဖြစ်ပါသည်။
ယခင်နေ့နံနက် (၀၆:၀၀) နာရီ၏ ရေကျော်ရေလှောင်တမံ (၅၄) ခုထက် စွန်ချောင်းနှင့် သဖန်းချောင်းရေလှောင်တမံ (၂) ခု လျော့နည်းခြင်းဖြစ်ပါသည်။

# စာရင်းကောက်များ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူရာတွင် ပူးပေါင်းပါဝင်ကြပါ .......

ဝင်းမြင့် (တွံတေး)

**သန်းခေါင်စာရင်းအကြောင်းကို ရေးကြမည်၊ ပြောကြမည်ဆိုလျှင် သန်းခေါင်စာရင်းသမိုင်းကို ချန်လှပ်ထား၍မရပါ။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကို ရှေးဘုရင်များလက်ထက်ကပင် ကောက်ယူခဲ့ကြကြောင်း၊ သာလွန်မင်းလက်ထက် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်တွင် သန်းခေါင်စာရင်း သဘောသက်ရောက်သည့် စစ်တမ်းများကောက်ယူခဲ့ကြောင်း သမိုင်းမှတ်တမ်းများ ရှိခဲ့ပါသည်။**

## ၁၀ နှစ်တစ်ကြိမ် ပုံမှန်ကောက်ယူခဲ့

အင်္ဂလိပ်အစိုးရသည် မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၈၇၂ ခုနှစ်မှ စတင်၍ ကောက်ယူခဲ့ပြီး ၁၀ နှစ်တစ်ကြိမ် ပုံမှန်ကောက်ယူခဲ့ပါသည်။ မှတ်တမ်းများအရ ၁၈၇၂ ခုနှစ်တွင် အောက်မြန်မာပြည် လူဦးရေ ၂ ဒသမ ၇၅ သန်း၊ ၁၈၈၁ ခုနှစ်တွင် ၃ ဒသမ ၇၄ သန်း ကောက်ယူရရှိခဲ့ပြီး ၁၈၉၁ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ရာ ၁၈၉၁ ခုနှစ်တွင် ၇ ဒသမ ၇၃ သန်း၊ ၁၉၀၁ ခုနှစ်တွင် ၁၀ ဒသမ ၅ သန်း၊ ၁၉၁၁ ခုနှစ်တွင် ၁၂ ဒသမ ၁၁ သန်း၊ ၁၉၂၁ ခုနှစ်တွင် ၁၃ ဒသမ ၂၁ သန်း၊ ၁၉၃၁ ခုနှစ်တွင် ၁၄ ဒသမ ၆၇ သန်း၊ ၁၉၄၁ ခုနှစ်တွင် ၁၆ ဒသမ ၈၂ သန်း ကောက်ယူရရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရလက်ထက်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၀ နှစ်အကြာ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ရာ ၁၉၇၃ ခုနှစ်တွင် စုစုပေါင်း လူဦးရေ ၃၅ ဒသမ ၃ သန်း ကောက်ယူရရှိခဲ့ပါသည်။ ၁၉၈၃ ခုနှစ်နောက်ပိုင်းနှစ်များတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ နှစ်ပေါင်း ၃၀ အကြာ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း ဒီမိုကရေစီအစိုးရလက်ထက်တွင် မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဦးက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သန်းခေါင်စာရင်းကောက်ယူရန် ရှိ/မရှိ အဆိုတင်သွင်းခဲ့မှုအပေါ် နိုင်ငံတော်အကြီးအကဲက ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် အစီအမံများ စတင်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ သို့ဖြစ်၍ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ စာရင်းကောက်ယူခဲ့ပါသည်။ ယခု ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ပြန်ပြီးဖြစ်ပါသည်။



သန်းခေါင်စာရင်းကောက်ယူခြင်းအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးနေစဉ်။

ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းအဓိပ္ပာယ်ကို ကွဲကွဲပြားပြား မသိရှိကြသေးပေ။ မိမိတို့အိမ်တွင်ရှိသော အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ပုံစံကို သန်းခေါင်စာရင်းဟု ထင်မြင်နေကြဆဲဖြစ်သည်။ လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေစာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း စသည့်လုပ်ငန်းစဉ်တစ်ခုလုံးကို ဆိုလိုသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် နေ့တစ်နေ့၏ သန်းခေါင်ယံအချိန်ကို ရည်ညွှန်းချိန်အဖြစ် သတ်မှတ်ကောက်ယူရခြင်းဖြစ်၍ သန်းခေါင်စာရင်းဟု ခေါ်ဝေါ်သုံးစွဲလာကြခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမည့် အချိန်သည် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဖြစ်၍ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ ၃၀.၉.၂၀၂၄ ရက်နေ့ ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် သတ်မှတ်၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူများအားလုံးကို ကောက်ယူသွားပါမည်။

## မေးခွန်းပေါင်း ၆၈ ခုကို မေးမြန်းပါမည်

သန်းခေါင်စာရင်း ကောက်ယူမည့်အချိန်သည် နီးကပ်လာပြီဖြစ်၍ ပြည်သူများအနေဖြင့် စာရင်းကောက်သူများ၏ မေးမြန်းချက်များကို ကြိုတင်သိရှိထားခြင်းအားဖြင့် အချိန်တိုအတွင်း ဖြေကြားနိုင်စေရန် ဖော်ပြပေးပါမည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်စဉ်က မေးခွန်းပေါင်း ၄၁ ခု မေးမြန်းခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူချိန်မှာတော့ မေးခွန်းပေါင်း ၆၈ ခုကို စာရင်းကောက်များက မေးမြန်းပါမည်။ မေးခွန်းပေါင်း ၆၈ ခုအနက် အရေးကြီးသော မေးခွန်းများကိုသာ ကောက်နုတ်တင်ပြသွားပါမည်။

စာရင်းကောက်များက ဖော်ပြပါမေးခွန်းများကို မေးမြန်းသွားပါမည် -

**အမည်၊ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ၊ ပြည့်ပြီးအသက်၊ မွေးသက္ကရာဇ် ရက်၊ လ၊ နှစ်၊ ကိုးကွယ်သည့်ဘာသာ၊ အိမ်တွင် အဓိကပြောဆိုသော ဘာသာစကား၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား၊ အိမ်ထောင်ရေးအခြေအနေ၊ မွေးစာရင်း ရှိ/မရှိ၊ ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ၊ ပညာရေးအကြောင်းအရာ၊ လုပ်သားအင်အားအကြောင်းအရာ၊ မွေးဖွားခြင်းအကြောင်းအရာ၊ (အိမ်ထောင်ကျဖူးသူအမျိုးသမီးများ အသက်(၁၀)နှစ်နှင့်အထက်) မသန်စွမ်းမှုအကြောင်းအရာ၊ ပြည်ပရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ၊ နေအိမ်အမျိုးအစား၊ ပိုင်ဆိုင်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးပစ္စည်းများ၊ အိမ်ရှိအခန်းအရေအတွက်၊ အိပ်ခန်းအရေအတွက် သောက်သုံးရေရရှိမှု၊ အလင်းရောင်အတွက် မီးအသုံးပြုမှု၊ လောင်စာအသုံးပြုမှု၊ အိမ်သာအမျိုးအစားနှင့် မျှဝေသုံးစွဲမှု၊ အမှိုက်စွန့်ပစ်မှု၊ လက်ဆေးခြင်းအကြောင်းအရာ၊ လွန်ခဲ့သော ၁၂ လအတွင်း အိမ်ထောင်စုဝင်များထဲမှ သေဆုံးမှု စသည့်မေးခွန်းများဖြစ်ပါသည်။**

## စာရင်းကောက်ယူချိန် မိနစ် ၂၀ ခန့် ကြာမြင့်ပါမည်

စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း၊ အိမ်တိုင်ရာရောက် Tablet များဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews–CAPI) ဖြင့် စာရင်းကောက်ယူသွားမည်။ သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း အကြောင်းကြားစာကို အိမ်ထောင်စုတိုင်းသို့ မကောက်ယူမီ ကြိုတင်ပေးပို့သွားပါမည်။ အိမ်ထောင်စုတစ်စုအတွင်း စာရင်းကောက်ယူချိန် မိနစ် ၂၀ ခန့် ကြာမြင့်ပါမည်။

သန်းခေါင်စာရင်းလုပ်ငန်းတစ်ခုလုံး၏ အဓိကကျသည့် ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်း၊ စာရင်းကောက်ယူရာတွင် မထပ်၊ မကျန်၊ အမှန်ပြည့်စုံသည့် စာရင်းကောင်းတစ်ခုရရှိရန် စာရင်းစစ်၊ စာရင်းကောက်များအပေါ် အဓိကတာဝန်ရှိပါသည်။ အရည်အချင်းပြည့်ဝသည့် စာရင်းစစ်၊ စာရင်းကောက်များဖြစ်ရန် အလွန်အရေးကြီးပါသည်။ သို့ဖြစ်၍ မကြာမီ သင်ကြားပို့ချမည့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းမှ ပို့ချမည့်သင်ခန်းစာများကို ကြိုးစားလေ့လာမှတ်သားကြရန် တိုက်တွန်းလိုပါသည်။

သန်းခေါင်စာရင်း ကောက်ယူခြင်းသည် အိမ်ထောင်စုစာရင်းပုံစံ(၆၆/၆) သို့မဟုတ် ပုံစံ(၁၀) ရှိခြင်း/ မရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိခြင်း/ မရှိခြင်းနှင့် မသက်ဆိုင်ပါ။ သန်းခေါင်စာရင်း ရည်ညွှန်းချိန် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်ယံကျော်လွန်ပြီးမှ သေဆုံးသူများ၊ နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံ သံရုံးဝန်ထမ်းများကို စာရင်းကောက်ယူသွားပါမည်။

ပြည်ပရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ မေးခွန်းများကို ဖြေကြားရာတွင် အိမ်ထောင်ဦးစီးများအနေဖြင့် အမှန်ကိုသာဖြေကြားပေးရန် လိုအပ်ပါသည်။ တရားဝင်ဗီဇာဖြင့် သွားခြင်း/မသွားခြင်း၊ အောက်လမ်းမှ တရားမဝင်သွားခြင်း စသည်တို့ကို မေးမြန်းမည်မဟုတ်ပါ။ အဓိကမှာ မည်သည့်နိုင်ငံတွင် သွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေသည်ကို ဖြေကြားရန်သာဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူ နှစ်သန်းခန့် (ထိုင်းနိုင်ငံတွင် ၇၀ ဒသမ ၂ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ၁၅ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံတွင် ဝ ဒသမ ၉ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံတွင် ဝ ဒသမ ၇ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံတွင် ဝ ဒသမ ၄ ရာခိုင်နှုန်းနှင့် အခြားနိုင်ငံများတွင် ၂ ဒသမ ၅ ရာခိုင်နှုန်း) ရှိပါသည်။ စာရင်းကောက်ယူခြင်းအားဖြင့် သိရှိရသော

*စာမျက်နှာ ၁၉ သို့*

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက် (၃)မိုင်အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ၂၉၇ ပီပါ၊ ဒီဇယ်ဆီ ၇၅ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၄၄၂၅၅၈)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် ဆီသယ်နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၄၄၂၅၅၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့လမ်းဆုံအနီး၌ သိမ်ဇရပ်မြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၇၅၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၁၂၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၉၁၁၂၈ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၈၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၇၃၇၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၇၃၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၇၈၈၁၀၅၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရခိုင်ကမ်းရိုးတန်း ကျောက်ဖြူမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်း ဖမ်းဆီးရမိ



**နေပြည်တော် စက်တင်ဘာ ၂၇**

ရခိုင်ကမ်းရိုးတန်း ကျောက်ဖြူမြို့နယ်၌ ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် နံနက် ၄ နာရီတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရခိုင်ကမ်းရိုးတန်းတွင် ကမ်းရိုးတန်းသွား စက်လှေပေါ်ပါ မြလွင်၊ မင်းမင်းစိုး၊ သန့်ဇင်နိုင်နှင့် နိုင်လင်းထွန်းတို့ လေးဦးကို ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ဒသမ ၇၈ သိန်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မှ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်သို့ ပို့ဆောင်ခိုင်းသူ ဇော်မင်းဦး(ခ)ကိုဇော်နှင့် ပြည့်ဖြိုးမောင်တို့ကို ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တို ဆိပ်ကမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ရခိုင်ပြည်နယ်သို့ ရေကြောင်းဖြင့် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တောင်ငူ၌ တပ်မတော်က ရေဘေးကူညီကယ်ဆယ်ရေးပစ္စည်းများရှေ့ခိုင်းမည်ဟုဆိုကာ ရွာခံလူငယ်များကို ခေါ်ထုတ်ဖမ်းဆီးသွားကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ




**နေပြည်တော် စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂၀) ရပ်ကွက် မြို့ကြီးရွာတွင် တပ်မတော်က ရေဘေးကူညီကယ်ဆယ်ရေးပစ္စည်းများ သယ်ရမည်ဟုဆိုကာ ရွာထဲရှိ လူငယ်များကို ခေါ်ထုတ်ဖမ်းဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအတု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ၎င်းဒေသရှိ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အခြေအမြစ်မရှိသော သတင်းအမှားသာဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်သားများက ရှေ့ဆုံးက မားမားမတ်မတ်ရပ်ကာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် လက်တွဲပြီး ရေဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နေ့စဉ် အင်တိုက်အားတိုက် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်နှင့် ပြည်သူ လက်တွဲညီစွာဖြင့် ပြည်သူ့အကျိုး၊ ဒေသအကျိုး ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် မနာလိုမရှုဆိတ်သဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးရေးသားထားသော သတင်းအမှားသာ ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာအသင်း ဂျပန်အသင်းကို အရေးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု(I) ဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက်က ကာဂျစ္စတန်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဂျပန်အသင်းကို ခြောက်ဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ဦးအောင်နိုင်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပွဲပယ်ကစားသမား နှစ်ဦးရှိသဖြင့် လတ်ဝေဘုန်းက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ မြန်မာအသင်းသည် လတ်ဝေဘုန်း၊ ခန့်ဇင်ဟိန်း၊ ဆင်မြူရယ်ငိုင်ကီး၊ နိုင်ဝင်းထွန်း၊ မင်းမော်ဦး၊ ဇော်မျိုးထွန်း၊ စောအယ်လ်ထူး (ဂိုး)၊ ခွန်ချိုထူး၊ ဇွဲမာန်သာ၊ ဖြိုးပြည့်စုံ၊ လွှမ်းထက်ထွန်းတို့ဖြင့် ပွဲထွက်လာသည်။ မြန်မာအသင်းသည် ဂျပန်အသင်းတိုက်စစ်ကို ၂၅ မိနစ်အထိသာ တောင့်ခံနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဂိုးများ ဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။ ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို ၂၆ ၊ ၆၅ မိနစ်တွင် ရန်ဒန်ဟီရို၊ ၃၂၊ ၈၃၊ ၈၄ မိနစ်တွင် နာကာဂါဝါ၊ ၄၅ မိနစ်တွင် နီရှီဟာရာတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၉ ရက်တွင် တာ့ခ်မင်နစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

# မြန်မာ ယူ-၁၇ အသင်း ခြေစစ်ပွဲအကြိုအဖြစ် ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်း


**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် ကာတာနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အသင်းသည် ပထမခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၂၆ ရက်က ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်မည့် ကာတာ ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲများကစားရန် စက်တင်ဘာ ၂၃ ရက်ကတည်းက ကာတာနိုင်ငံ ဒိုဟာမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ခြေစမ်းပွဲဖြစ်သောကြောင့် ကစားသမားများစွာ လဲလှယ်အသုံးပြုခဲ့ပြီး စက်တင်ဘာ ၂၈ရက်(**ယနေ့**)တွင် ဒုတိယခြေစမ်းပွဲအဖြစ် ကာတာ ယူ-၁၇ အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ကာတာခြေစမ်းခရီးစဉ်သို့ ကစားသမား ၂၆ ဦး ခေါ်ဆောင်သွားသည်။ မြန်မာယူ-၁၇အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုးက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

ရဲရင့်လွင်

ကမ္ဘာ့ရေးရာ Global Affairs အမှတ်(၂၇) (ဩဂုတ်၊ ၂၀၂၄) ထွက်ပြီ



"အိန္ဒိယ၏ နိုင်ငံရေးခရီးရှည်နှင့် မိုဒီ၏ ခြေလှမ်းများ"
၂၀၂၄ ခုနှစ်၊ ဩဂုတ်လထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၇ တွင်
- အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲနှင့် ရှေ့အလားအလာ
- သမိုင်းမြေမြုပ်မည့် အမေရိကန်ရွေးကောက်ပွဲ
- ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးမုန်တိုင်း အိန္ဒိယကို ဘယ်လိုရိုက်ခတ်နိုင်လဲ
- အာဆီယံ လွတ်လပ်သောကုန်သွယ်ရေး၏ အောင်မြင်မှု
- နည်းပညာစစ်တလင်းဖြစ်လာသည့် ယူကရိန်း
- မလေးရှားနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးကို လေ့လာကြည့်ခြင်း
- အသေးစား နျူကလီးယားဓာတ်ပေါင်းဖို (SMRS)

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၄/၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။-

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | DMP/L-192(2024-2025) | လုပ်ကွက် MOGE-6 စပါယ်ကြီးစမ်း-နတ်စင်ကုန်းဒေသ၊ 2D ဆိုက်စမစ်တိုင်းတာရေးအတွက် Shot Hole တွင်းတူးခြင်းနှင့် Cable ကြိုးခင်း/ကြိုးသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း | ကျပ်ငွေ |
| (ခ) | DMP/L-193(2024-2025) | လုပ်ကွက် MOGE-6 စပါယ်ကြီးစမ်း-နတ်စင်ကုန်းဒေသ၊ 2D ဆိုက်စမစ်တိုင်းတာရေးအတွက် ဆိုက်စမစ်တိုင်းတာရေးစက်များ ငှားရမ်းအသုံးပြုခြင်းလုပ်ငန်း | ကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Website ဖြစ်သော energy.gov.mm တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၀-၂၀၂၄ရက် (၁၃:၀၀)နာရီတွင် နောက်ဆုံးထား၍ ဘူမိရူပဗေဒဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၃၄၁၁၂၁၄

### ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ နယ်မြေ(၂)၊ မြဝတီရပ်ကွက်နေ ဦးကျော်အေး၏ သမီး မအိမွန်ကျော် ၅/မရန(နိုင်) ၃၃၃၈၁၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MH-813946မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၄၉၁၀၂၇၀၁

### အမည်မှန်

ဦးထွန်းသိန်း ၅/ကလန(နိုင်)၀၅၃၈၃၆၏ သမီး အထက(ကျွန်းလှ) G-12မှ မအိရွှေစင်၏ အမည်မှန်မှာ မအိရွှေဇင်၅/ကလန(နိုင်)၀၈၃၃၅၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျွန်းလှမြို့၊ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း G-12မှ မလှိုင်သဇင်သင်း ၅/ကလန(နိုင်)၀၉၁၇၁၇၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းအောင် ၅/ကလန(နိုင်)၀၅၀၈၁၁ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၈-၃-၂၀၀၆) ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ ရုံးကြီးရပ်နေ ဦးလှထွန်း၏သမီး ဒေါ်အေးအေးဝင်း ၅/မရန(နိုင်)၂၄၂၆၀၃ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MB-206838 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၄၆၁၉၆၆၅၆

### အမည်မှန်ဖြစ်ကြောင်း

ပြည်မြို့၊ PEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade 9 (A) တွင် ပညာသင်ယူနေသော ဦးသန်းဇော်ထွေး ၏ သမီး မမေမြတ်သဒ္ဒါ ၏ အမည်မှန်မှာ မမေမြတ်သဒ္ဒါ ဖြစ်ပါကြောင်း။

မမေမြတ်သဒ္ဒါ

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင့်လွင် (၁၄/ဖပန(နိုင်)၁၃၂၆၄၄) ပိုင်ဆိုင်သော ပြည့်ဖြိုးကျော်(၂) DMA/DPP 0302 ရေယာဉ်လိုင်စင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဦးတင့်လွင်
ဖုန်း-၀၉ ၆၉၆ ၅၂၀ ၄၀၄

## သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ သတ္တမအကြိမ်မြောက် အသက်(၇၅)နှစ်အထက် သက်ကြီးသတင်းစာဆရာကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲနှင့် အမှုဆောင်များအစည်းအဝေးကို စက်တင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအလှူငွေပေးအပ်ပွဲနှင့် အမှုဆောင်အဖွဲ့အစည်းအဝေးသို့ နာယကများ၊ အမှုဆောင်များ (မပျက်မကွက်)တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ယခုနှစ်တွင် အသက်(၁၀၅)နှစ်ရှိ အဘိုးတစ်ဦးအပါအဝင် ကန်တော့ခံ သက်ကြီးသတင်းစာဆရာကြီး ၁၈ ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဖုန်း ၀၉၂၅၀၂၆၆၆၀၉၊ အတွင်းရေးမှူး ၀၉၇၇၇၆၄၂၆၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ သန်းဝင်း(သန်လျင်)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
### ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃

ဦးကောင်းမြတ်မင်း (တရားလို) နှင့် ဒေါ်အေးအေးသက် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ ခွါညိုလမ်း၊ အမှတ် (၂၇၁)နေ တရားပြိုင် ဒေါ်အေးအေးသက် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ သီရိကျော်ထင်လမ်း၊ အမှတ် (၁၁၀၉/ခ)နေ တရားလို ဦးကောင်းမြတ်မင်းက အရောင်းအဝယ် ပဋိညာဉ်ကတိစာချုပ်ပါအတိုင်း ဆောင်ရွက်ပေးစေလိုမှု(သို့မဟုတ်) ပဋိညာဉ်ကတိစာချုပ်ပါအတိုင်း ဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက် ရောင်းဖိုးငွေကျပ်-၁၉၅,၀၀၀၀၀၀/-(ကျပ်တစ်ရာ ကိုးဆယ့်ငါးသိန်းတိတိ)နှင့် နစ်နာကြေးငွေကျပ် ၁၀၀,၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ) စုစုပေါင်းငွေကျပ်-၂၉၅,၀၀၀၀၀၀/-(ကျပ်နှစ်ရာကိုးဆယ့်ငါး သိန်းတိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မေဦး)
တွဲဖက်မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးကိုဒ့ဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)
### အင်းစိန်မြို့နယ်တရားရုံး
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆

ဦးသန့်စင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အိအိခိုင်) (တရားလို) နှင့် ဦးကျော်သောင်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ-၄လမ်း၊ အမှတ်(၈၇)နေ တရားပြိုင် ဦးကျော်သောင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နေအိမ်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၉ရက် (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချစ်စုဝင်း)
မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန် ပြေ(၅)လမ်းအရှေ့၊ အမှတ်(၃၁)၊ တိုက်အမှတ်(၁၀၅၈)၊(၃)ခန်းတွဲ(၆)ထပ်တိုက်၏ (ဒုတိယထပ်) (A-3)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၁၃ပေ x အနံ ၅၄ပေ)ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့မှ တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူများဖြစ်သော ၁။ ဦးဇင်သူအောင်စိုး ၁၄/မမန(နိုင်)၁၈၈၉၉၆၊ ၂။ ဒေါ်ပိုးအိဖြူ ၁၂/ဗဟန(ဧည့်) ၀၀၀၂၃၆တို့ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ဇံဦး ၁၃/နဆန(နိုင်)၀၀၀၀၉၅က (၂၃-၉-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင်အပြီးအပိုင် လက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်ဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၃၇၁၄၀)
ဖုန်း-၀၉-၂၅၃၈၉၇၁၇၅

## ရွှေနှင့် ရွှေထည်များ ရောင်းချခြင်းအပေါ် ကုန်သွယ်ခွန်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂၇

ရွှေစင်ရွှေတုံးများနှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၇ ရက်က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ကျင်းပရာ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ရွှေစင်ရွှေတုံးများနှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြင်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်းကျသင့်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် တက်ရောက်လာသည့်လုပ်ငန်းရှင်များက မေးမြန်းမှုကို ပြည်နယ်ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးအောင်မင်းက ပြန်လည်ဖြေကြားကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/9587 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလှိုင် ၉/တကန(နိုင်)၁၂၁၉၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(တောင်ငူ)

### Passport ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအောင်ချမ်းသာ ၈/မဘန(နိုင်)၁၇၄၄၆၁၏ နိုင်ငံကူး Passport MF-506776 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၁၄၈၅၆၁

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င-၁၂)၊ ငွေလမ်းသွယ် ( ၁ )လမ်း၊မြေကွက်အမှတ်( ၁၉၀ )၊ အကျယ်အဝန်း( ၆၀ပေ × ၆၀ပေ )ရှိ ဗိုလ်မှူးမိုးဇော်ထွတ်( MYA–၀၀၄၄၇၈ )အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ခြံမြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်စန်းစန်း(၈/မဘန(နိုင်)၀၆၇၇၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမင်းမင်းထွန်း (၇/ဒဥန(နိုင်)၁၃၄၁၇၂)က ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဥ်–၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဖုန်း– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## မိဘအမည်မှန်

ရွှေဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ် အထက(ခွဲ)ကန့်ဘလူ Grade–7 မှ ကျောင်းဝင်အမှတ် (၀၀၂၁)မမိုးရီကို၏ ဖခင်မှာ ဦးကျော်စိုးလင်း ၁၄/မအန(နိုင်)၂၂၅၆၉၀နှင့် မိခင်မှာ ဒေါ်နန်းအိမွန် ၁၄/မအန(နိုင်)၂၀၃၈၄၅ဖြစ်ပါကြောင်း။

**ဦးကျော်စိုးလင်း–ဒေါ်နန်းအိမွန်**

## ပတ်စ်ပို့ပျောက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်နေ(ဘ)ဦးဖေမြင့်၏သမီး ဒေါ်ခင်စိုးသာ ၁၄/ပသန(နိုင်) ၂၀၃၇၄၀ ၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၄၁၆၆၀၄၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/7520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့နယ်၊ အထက MRTV–Grade–12 မှ မဝေဝေလှိုင်၏ ဖခင် ၉/တကန(နိုင်)၁၁၁၀၀၆ ကိုင်ဆောင်သူ ဦးမောင်မြင့် ဌေး(ခ) ဦးမြင့်ဌေးမှာ အမည်(၂)မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အထက(ဝက်ပုတ်) Grade–12 တွင် ပညာသင်ကြားနေသော မထက်ဝတီနိုင် ၏ ဖခင်အမည်မှန်မှာဦးနိုင်ဝင်း ၇/သကန(နိုင်)၀၀၁၂၄၅ ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**
**၇/သကန(နိုင်)၀၀၁၂၄၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/97031 TVSNEO 125ယာဉ်လက်ဝယ်ရှိသူ ဦးအေးချို ၁၄/မအပ(နိုင်)၀၂၁၄၈၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/3444 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## မိသားစုစီမံမှုဖြင့်အမွေများခွဲဝေပေးပြီးဖြစ်သည့် သားဖြစ်သူ ဦးဖြိုးဝေမင်းအား သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပသုတ်ကျေးရွာနေ ဦးအေးမင်း (ဘ)ဦးချစ်စူး ၆/ကစန(နိုင်)၀၀၄၆၂၇ နှင့် ဒေါ်ခင်သီ(ကွယ်လွန်)တို့၏ သားသမီး (၄)ဦးအနက်မှ ပထမသားဖြစ်သူ ဦးဖြိုးဝေမင်း ၆/ကစန(နိုင်)၁၂၀၁၆၈ သည် အမွေဆိုင်သားတစ်ဦးအဖြစ် ဖခင်ဖြစ်သူထံမှ အမွေတောင်းခံခြင်းများ ပြုလုပ်နေသည့်အတွက်ဖခင်ဖြစ်သူမှ သားဖြစ်သူ ဦးဖြိုးဝေမင်းအား (၂၆–၉–၂၀၂၄) ရက်တွင် မိသားစုစီမံမှုအရအမွေခွဲဝေပေးသည့်ကတိစာချုပ်ဖြင့် အမွေဝေစု (၁၀၀၀၀၀၀၀/–) ကျပ်သိန်းတစ်ရာတိတိကို သားဖြစ်သူ ဦးဖြိုးဝေမင်းအား အမွေခွဲဝေပေးခဲ့ပြီးဖြစ်ပါသည်။ သားဖြစ်သူ ဦးဖြိုးဝေမင်းမှလည်း အမွေလက်ခံရရှိခဲ့သည့် (၂၆–၉–၂၀၂၄)ရက်မှစ၍ မိဘပိုင်ပစ္စည်းရပ်များနှင့်ပတ်သက်၍ နောက်နောင် မည်သည့်အခါမှ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ အမွေဆက်ခံခွင့်ရှိကြောင်းတို့ဖြင့် တောင်းဆိုခြင်းမပြုတော့ပါကြောင်း အသိသက်သေများရှေ့နှင့်အမွေခွဲဝေပေးခဲ့သည့် စာချုပ်တွင် ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဖခင် ဦးအေးမင်း အနေဖြင့် မိဘများအားအမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်နေသည့်အပြင် အမွေဆိုင်သားတစ်ဦးအဖြစ် အတင်းအကြပ် အမွေတောင်းခံနေသည့် သားဖြစ်သူ ဦးဖြိုးဝေမင်းအား ရသင့်ရထိုက်သည့် အမွေများခွဲဝေပေးပြီးသည့်ရက်မှစ၍ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် နောက်နောင်တွင်လည်း ၎င်းနှင့်ပတ်သက်သည့် မည်သို့သောကိစ္စ မျိုးကိုမဆို လုံး၀ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာ လိုက်သည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအေးမင်း**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်နန္ဒာထွေး LL.B; LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၈၀၃)**
**အမှတ်(၄၆)၊ အောင်ချမ်းသာလမ်း၊**
**ဇေယျာသီရိ(၂)ရပ်၊ မြိတ်မြို့၊ ဖုန်း–၄၂၂၂၂၁၁၇၅**

## ပျောက်ဆုံးကြောင်း

မော်လမြိုင်မြို့နေ မတင်တင်ထွေး ၁၀/မလမ(နိုင်)၁၂၈၀၂၆၏ ပတ်စ်ပို့စာအုပ်(နိုင်ငံကူးလက်မှတ်)(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၅၃၂၅၆၇၀၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်မြို့၊ ကညွန့်ရပ်၊ တိုက်သစ်ကျောင်းလမ်း၊ အမှတ်(၁၆၅)နေ ဦးအုန်းမြင့်၏သမီးဖြစ်သူ ဒေါ်ခင်ထားထားလှိုင်နှင့် ဒေါ်ထားထားလှိုင် (၆/ရဖန(နိုင်)၀၀၀၆၀၉)တို့သည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**ဒေါ်ခင်ထားထားလှိုင် (ခ)**
**ဒေါ်ထားထားလှိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသျှောင်မြို့သစ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄)၊ မြေကွက်အမှတ်(၄၂၈)၊ မြေဧရိယာ(၀.၃၄၄)ဧကရှိမြေအား ဦးနိုင်အောင်မိုး မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျိုက်လတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ၀.၀၃၅ဧက၊ ဘိုးဘပိုင်(B)မြေသည် ဒေါ်ဖြူဖြူဝင်း အမည်ပေါက်ပိုင်ဆိုင်သော မြေဖြစ်ပြီး အကွက်အမှတ်(၁၅)၊ စန္ဒာမုနိဘုရားကြီးရပ်၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀.၀၃၆ဧကသည် ဦးရဲနိုင်+ဒေါ်ဖြူဖြူဝင်း ပေါက်ထွက်ရှိသော ဘိုးဘပိုင်မြေများဖြစ်ပါသည်။ မိခင်ဖြစ်သူ ဒေါ်ဖြူဖြူဝင်းသည် ကွယ်လွန်သွားပြီးဖြစ်သည့်အတွက် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၃/၂၀၂၄) ဦးရဲနိုင်၊ ဦးဖြိုးသန့်ဇင်၊ဒေါ်ဇာလီဖြူတို့က ပိုင်ဆိုင်ထားပြီး ဖခင်ဖြစ်သူနှင့် မောင်ဖြစ်သူမှ ဒေါ်ဇာလီဖြူအား ကျိုက်လတ်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အပြီးအပိုင်စွန့်လွှတ်စာချုပ်အမှတ်(၁၉/၂၀၂၄)နှင့်(၂၀/၂၀၂၄)ဖြင့် ဒေါ်ဇာလီဖြူမှ ပိုင်ဆိုင်ထားသော မြေဖြစ်ပါသည်။ ကျိုက်လတ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ၅x၆ကမ်းနားလမ်းနေ ဒေါ်ဇာလီဖြူ(ဘ)ဦးရဲနိုင် ၁၄/ကလန(နိုင်)၁၁၃၄၇၅မှ မြေအမည်ပြောင်း လဲပေးပါရန် လျှောက်ထားလာပါသဖြင့် ဒေါ်ဇာလီဖြူ၏ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လူကိုယ်တိုင်ဤရုံးတော်သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**ကျိုက်လတ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျိုက်လတ်မြို့**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/3481 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသျှော (၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၈.B)၊ မြေကွက်အမှတ် (၂၁၆)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေအား ဦးကိုကိုနိုင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပဲခူးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၄၊ (၉)ရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ မြေကွက်အမှတ် (၂၉၂/က) အလျား ၂၀ ပေ X အနံ ၆၀ ပေရှိ ဦးဇော်ဝိတ် အမည်ပေါက် နှစ် (၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် နေအိမ်သည် ဒေါ်ခင်မာဝင်းမှ လက်ရှိထားပိုင်ဆိုင်သော အိမ်ခြံမြေဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်ကို ဒေါ်ခင်မာဝင်း (၁၂/လသယ(နိုင်)၀၆၉၉၁၂) မှ ဂရန်အမည်ပေါက်သူ ဦးဇော်ဝိတ်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ လက်ရှိထား နေထိုင် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဒေါ်ခင်မာဝင်းသည် အဆိုပါအိမ်ခြံမြေ၏ ပိုင်ရှင်ဖြစ်ပြီး မည်သူ့ကိုမဆို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများကို ပြုလုပ်ဆောင်ရွက်ခွင့်ရှိသူ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သန်းသန်းဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၈၇၅)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၀၀၃၉၄၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(3–C)၊ ဘိုးလိန်းလမ်း၊ အမှတ်(၃၄၉)ဟုခေါ်တွင်သော မြေပေါ်ဆောက်လုပ်ထားသော (၆)ထပ်တိုက်မှ အကျယ်အဝန်း (၁၂.၅'x၅၅')ပေရှိ (၃)လွှာနှင့်(၄)လွှာအခန်း (၂) ခန်းအား ဦးတင်ဝင်း (၁၂/သဃက(နိုင်)၀၁၂၉၀၆)မှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဟု မြွက်ဟကြေညာလျက် ရောင်းချ ရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူဦးကျော်ဇင်လတ်(၁၂/ဒဂတ(နိုင်)၁၃၃၁၇၈)က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါကအဆိုပါတိုက်ခန်းများ၏ အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဇင်မြတ်မြတ်ဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၀၇၃/၂၀၂၂)**
**အမှတ် ၁၉၇၊ မင်္ဂလာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph–09–420766586, 09–959516515**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၂၆၃၇၄, Honda Wave 100, m/c ယာဉ်လက်ဝယ်ရှိသူ ဦးဌေးလင်းဦး ၆/ပလန(နိုင်) ၀၅၃၈၅၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၇၄၆၇၃, Honda Wave 100, m/c ယာဉ်လက်ဝယ်ရှိသူ ဦးသူရစိုး ၆/မမန(နိုင်)၁၁၉၆၇၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/76204, Luojia–110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဌေး ၁၄/လပတ(နိုင်)၂၀၂၉၃၅က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/44779, Honda Wave–100 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးသူရအောင် ၁၄/လပတ(နိုင်)၂၅၃၆၀၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**




## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း

ကျွန်တော် မောင်သိန်းဆိုင်(၁၃/တကန(နိုင်)၂၅၄၂၅၉)နှင့် ကျွန်မ နန်းခမ်းအောင်(၁၃/တခလ(နိုင်) ၀၉၉၈၅၀) တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဦးသဘာတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**မောင်သိန်းဆိုင်၊ နန်းခမ်းအောင်**

## မိဘအမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (၈)၊ Grade–12(B)မှ မယွန်းပြည့်မှူး အိမ်၏မိဘအမည်မှန်မှာ ဦးသန်းကျော်(၇/ကဝန(နိုင်)၀၉၆၅၉၂)– ဒေါ်ဇာဇာဦး (၁၃/တကန(နိုင်) ၁၉၂၇၆၅) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ မြောက်ရပ်ကွက်နေ ဦးသက်ဦးခိုင် (၁၂/မဂဒ(နိုင်) ၁၃၄၂၉၈)၏သား အ.မ.က(မြို့မ) Grade–4 မှ မောင်သီဟထက်စံအား ယနေ့မှစ၍ မောင်စိုင်းဝေယံတိုးဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (တောင်လေးလုံး) Grade–12 မှ မနန်းငွေလာအေး၏ ဖခင်အမည်မှန်မှာ ဦးမောင်ထီး (၁၃/ရစန(နိုင်)၀၆၉၁၁၂) ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးထက်ထက်အောင်၏သမီး၊ တောင်ကြီးမြို့၊ ရွှေမော်ကွန်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade–1 မှ မချစ်စုဝေအား ယနေ့မှစ၍ မစန္ဒီချစ်စုဝေဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅၁)၊ အကောက်ဆိပ်အကွက်၊ ဦးပိုင်အမှတ် (၅၃–ခ)၊ ဧရိယာ (၀.၃၆၅)ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၄)၊ ဈေးချောင်းလမ်းနေ ဦးထွန်းထွန်းမှ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပန်းဘဲတန်းလမ်းနေ ဦးလှဝေ(၈/မလန(နိုင်)၀၄၉၀၈၂)နှင့် ဒေါ်ငြိမ်းငြိမ်း (၈/မလန(နိုင်)၀၀၄၅၆၂)တို့၏သား မောင်မြတ်မင်းသူ (၈/မဘန(နိုင်) ၁၀၉၈၇၂)သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကိုမနာခံဘဲ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်မြတ်မင်းသူနှင့်ပတ်သတ်သည့်ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိဘများ–**
**ဦးလှဝေ–ဒေါ်ငြိမ်းငြိမ်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(68W/8532) Haojue–100 ယာဉ်လက်ဝယ်ရှိသူ Haojue Mandalay Co.,ltd မှ ကမ–၃ ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/75629,Honda Wave–100 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဌေးမော် ၁၄/ဖပန (နိုင်)၀၀၈၉၀၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

( တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၅၈၉

ဦးမောင်မောင်လွင် နှင့် ဒေါ်ဆုဝေကျော် ပါ ၁၃

လျှောက်ထားသူ လျှောက်ထားခံရသူများ

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၉ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ်–၂၄၈/၂၀၂၄၏ နေ့စဉ်မှတ်တမ်း အမိန့်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ ၂။ အိုအမ်အိုအမ်အူလာကပွဲချစ်တီး ၃။ C . V မွတ်သိုက်ယားချစ်တီး ၄။ I .V ရာမနာသန်းချစ်တီး အမှတ် (၁၅၃)၊ ရွှေဘုံသာလမ်း (အောက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေ သိစေရမည်။

ဤအမှုတွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ နေ့စဉ်မှတ်တမ်းအမိန့်နှင့်ထုံးပုံကျ အပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးကျော်စိုးမင်း က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက် နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးသက်မော်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ပတ်စ်ပို့ပျောက်

ဦးဇော်မင်း ၏သမီး မဆုစန္ဒီဇော်မင်း ၇/ပခန(နိုင်)၂၇၅၇၉၈၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၃၀၀၇၁၆၄

## မိဘအမည်မှန်

ဟုမ္မလင်းမြို့၊ အမက(၂) G–5 မှ မဆွေဆွေနိုင်၏ မိဘအမည်မှန်မှာ ဦးစောမျိုးအောင် ၉/ပသက(နိုင်)၁၆၈၀၅၁ နှင့် ဒေါ်နော်မူအေး ၅/ဟမလ (နိုင်) ၁၁၉၆၅၄ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်မြင့်ဦး၏ သမီး မူဆယ်မြို့၊ အောင်ကိုယ်ပိုင် အထက် တန်းကျောင်း Grade–12 မှမမေအောင်အားမမေမေအောင် ၁၃/မဆတ(နိုင်)၀၇၅၈၈၈ ဟု ပြောင်းလဲခေါ်ပါရန်။

မမေမေအောင်

## အမည်ပြောင်း

ဦးအိုက်သန်းဦး၏ သား၊ မူဆယ်မြို့၊ အောင်ကိုယ်ပိုင် အထက်တန်းကျောင်း Grade–12 မှ စိုင်းအွန်ဖ အား စိုင်းအွမ်ဖ ၁၃/မဆတ(နိုင်)၀၇၂၀၀၅ ဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းအွမ်ဖ

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ အုံးတောအကွက်၊ဦးပိုင်အမှတ်(၈၈)၊ ဧရိယာ၀.၀၂၆ကေရှိ မြို့မြေ(B) သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကန်လမ်းအိမ်အမှတ်(၄၇)နေ ဒေါ်ခင်စမ်းဝေ၊ ဦးအောင်နိုင်၊ ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်မာဝေ တို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည် ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့၊

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်းသွယ်၊ အမှတ် (၆၁၅–H) ဟုခေါ်တွင်သည့် ကမာရွတ် မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၆၊ မြေကွက်အမှတ်–၁၁အေ/၃+ ၁၁ဘီ/၁၊ ဧရိယာ (၀.၂၅၀)ကေ အကျယ်အဝန်းရှိ မြေပိုင် မြေ (မစိုက်ပျိုးမြေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ (ဖခင်) ဦးခင်မောင်လွင် (၁၂/ကမရ(နိုင်)၀၁၄၉၁၄) က သမီးဖြစ်သူ ဒေါ်ယဉ်သူဇာလွင် (၁၂/ကမရ(နိုင်)၀၄၅၃၈၇)သို့ မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုကာ သမီးဖြစ်သူ ဒေါ်ယဉ်သူဇာလွင် အမည်ပေါက် ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ပေးကမ်းခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်လွင် (၁၂/ကမရ(နိုင်)၀၁၄၉၁၄) နှင့် ဒေါ်ယဉ်သူဇာလွင် (၁၂/ကမရ(နိုင်)၀၄၅၃၈၇) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်လှဲ့လှဲ့ဝင်း (LL.B. D.B.L., D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၃၂)
အမှတ်–၁၆၇ (မြေညီထပ်)၊ ၃၈–လမ်း (အလယ်)၊ ၆–ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း – ၀၉–၅၁၄၃၂၃၂၊ ၀၉–၇၉၉၅၉၅၅၀၅

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက သရက်တပင်ကျောင်းတွင် ပညာသင်ကြားနေသည့် Grade–12မှ မမိုးမိုးလှိုင်၊ Grade–11မှ မောင်လှမျိုးဝင်းနှင့် Grade–3မှ မဖြူဖွေးလှိုင်တို့၏ ဖခင် အမည်မှန်မှာ ဦးရှာမလာ ၇/ကတခ(နိုင်)၀၇၆၁၄၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်(၇)၊ ဘောက်ထော်ဈေးလမ်းဟု ခေါ်တွင်သော မြေအကျယ်အဝန်းဧရိယာ(၀.၂၀၀)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၃ ပေ x ၇၀ ပေ) မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်ဝင်း(ခ)စောချူးဟုန်းအမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ မအိန္ဒြာမြင့်နှင့် မောင်ဝဏ္ဏစိန်မြင့်တို့က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်အမှတ်(၃၇၆/၂၀၀၂) ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းတို့မှတစ်ဆင့် ယခုရောင်းချသူ ဒေါ်ခင်သန့်ဇင် [၇/ရပခ(နိုင်)၀၈၂၆၅၄]သည် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးအမှုအမှတ်(၁၂၂/၂၀၁၅)နှင့် တရားမဇာရီအမှုအမှတ်(၁၉၈/၂၀၁၅)ဖြင့် အနိုင်ဒီကရီရရှိပြီး အထက်ဖော်ပြပါမြေကွက်နှင့်အိမ်အား မိမိကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ဝယ်ယူသူမှ ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဦးသောင်းဦးလွင် [၁၂/သကတ(နိုင်)၀၄၁၂၄၂]
ဖုန်း–၀၉–၅၁၁၃၀၇၈၊ ၀၉–၈၈၅၁၁၃၀၇၈

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ၀.၀၈၂ကေ၊ မြေကွက်အမှတ်(ဥ–၄၁၉)၊ ဦးသန်းအောင်(ဘ)ဦးအောင်ဖြိုး ၉/ပမန(နိုင်)၁၃၉၃၃၇အမည်ပေါက် ပါမစ်မြေကွက်ကို ဦးသူရရွှေ(ဘ)ဦးသောင်းရွှေ ၁၂/ဒဂန(နိုင်)၀၀၀၇၀၆မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

